# မြဝတီ / ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e - paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 4 August 2026 ၁၂၂၆၀


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန် ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်မည်

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရကွန်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ မကြာမီ ရက်ပိုင်းအတွင်း တရားဝင်ခရီးစဉ် (Official Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်ယာယီဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်းတို့အပြင် စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်ပြီး စီးပွားရေးဖိုရမ်သို့ တက်ရောက်သွားရန်ရှိပါသည်။

ခရီးစဉ်အတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

သတင်းစဉ်

## မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✳

## အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဆောင်ရွက်ဆဲ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၃

အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်းရှိ အဆောက်အအုံများနှင့် နိုင်ငံပိုင်စက်/ယာဉ် ယန္တရားများနှင့် ဆက်စပ်ပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းသုံးစက်ပစ္စည်းများ၊ မီးစက်များ၊ အရည်အသွေး စာမျက်နှာ ၄ ကော်လံ ၁ သို့ ★



၂၀၂၆ ခုနှစ် ဇူလိုင်လက စက်မှုလျှပ်စစ်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးမှုများကိုအသေးစိတ်စစ်ဆေးဆောင်ရွက်နေစဉ်။




## ငါးနှစ်ကြာ ရပ်နားထားခဲ့သည့် Scania Marcopolo ဘတ်စ်များ ဆူးလေ – ဒလ လမ်းကြောင်း ပြန်လည်ပြေးဆွဲ

ရန်ကုန် ဩဂုတ် ၃

ငါးနှစ်ကြာ ရပ်နားထားခဲ့သည့် Scania Marcopolo Torino Low Entry City Bus သည် ဆူးလေ-ဒလ (ဝန်ထမ်းအိမ်ရာ) ယာဉ်လိုင်းတွင် ဩဂုတ် ၁ ရက်မှစ၍ ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✯

### ယနေ့ ဖတ်စရာ


ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု - အခွင့်အလမ်း၊ အခက်အခဲနှင့် ဖြေရှင်းနည်းများ ဆောင်းပါး စာမျက်နှာ » ၆

တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာပါက ဆောင်ရွက်ပေးလျက်ရှိ စာမျက်နှာ » ၇

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ စာမျက်နှာ » ၁၁


## လေးမျက်နှာမြို့နယ် ငဝန်တာ တာမိုင် ၂၅ မိုင် ၃ ဖာလုံနေရာ တာကိုယ်ထည် နိမ့်ကျရေစီးဝင်မှုအပေါ် ကာကွယ်ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃

လေးမျက်နှာမြို့နယ် ငဝန်တာ တာမိုင် ၂၅ မိုင် ၃ ဖာလုံနေရာ တာကိုယ်ထည် နိမ့်ကျရေစီးဝင်မှုအပေါ် ကာကွယ်ထိန်းသိမ်းနိုင်ရေး တာအတွင်း ဝင်ရောက်နေသော ကွင်းရေများလျော့ကျစေရေးအတွက် ဦးစားပေးအနေဖြင့် တာ၏ မြစ်ဘက်ခြမ်းတွင်ရှိသော ကမ်းရင်း(စွန့်ပစ်)တာပေါင်ဟောင်းရှိ အလျားပေ ၃၀ ရေဝင်ပေါက်ပိတ်ခြင်း၊ ရေဝင်ပေါက်အနီး ဘေးနှစ်ဖက်တွင် ရေတိုက်စားမှုသက်သာစေရန် အရေးပေါ် စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆



ကြေးမုံ

# နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ နိုင်ငံတကာနှင့် ပူးပေါင်းတိုက်ဖျက်

"အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများသည် လူများစုအပေါ် ကျူးလွန်သည့် ကြီးလေးသည့်ရာဇဝတ်မှုများအဖြစ် မိမိတို့အစိုးရက သတ်မှတ်ထားပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် လုံးဝလက်ခံခွင့်လွှတ်မည်မဟုတ်ဘဲ ပြင်းပြင်းထန်ထန် နှိမ်နင်းချေမှုန်းလျက်ရှိပါကြောင်း၊ ယင်းသို့နှိမ်နင်းခဲ့ရာတွင် ပြစ်မှုကျူးလွန်သူများ၏ ၉၉ ရာခိုင်နှုန်းသည် ပြည်ပနိုင်ငံသားများဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများကတစ်ဆင့် မိမိတို့နိုင်ငံထဲကို တရားမဝင် ဝင်ရောက်လုပ်ကိုင်ကြခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထိုအရာကို မြန်မာနိုင်ငံကသာ တာဝန်ရှိသည့်ပုံစံမျိုး ပြည်ပမီဒီယာများက ကမ္ဘာ့သတင်းများတွင် ပုံဖော်တင်ပြနေကြခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် အွန်လိုင်းလောင်းကစားမှုကို အကြောင်းပြုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အရှေ့မြောက်ဒေသတွင် ပြဿနာဖြစ်ပွားခဲ့ရကာ တိုင်းပြည်အနေဖြင့်လည်း များစွာပေးဆပ်ခဲ့ရပါကြောင်း၊ နိုင်ငံတော်ကို မူလအခြေအနေအတိုင်းဖြစ်စေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး တရုတ်နှင့်ထိုင်းနိုင်ငံအပါအဝင် မိတ်ဆွေနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း" နိုင်ငံတော်သမ္မတက နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ပြောကြားထားသည်။

၂၀၂၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့က ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့(Financial Action Task Force-FATF) သည် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုနှင့်သက်ဆိုင်သည့် မြန်မာနိုင်ငံဆိုင်ရာ အကြံပြုချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် FATF ၏အကြံပြုချက်များကို အကောင်အထည်ဖော်ရန် အပြည့်အဝအသိအမှတ်ပြုထားသည်။ FATF ၏လုပ်ငန်းစဉ်အောက်ရှိ Action Plan များကို အောင်မြင်စွာအကောင်အထည်ဖော်ခဲ့ပြီး ဆောင်ရွက်ရန် အချက်နှစ်ချက်သာကျန်ရှိသည်။ UNODC ၏ (၂၀၂၅ ဧပြီလ) အစီရင်ခံစာအရ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုကွန်ရက်များသည် အရှေ့တောင်အာရှဒေသအတွင်း အုပ်ချုပ်ရေးအားနည်းသောနယ်မြေများကို အခွင့်ကောင်းယူ၍ ဖြန့်ကြက်လှုပ်ရှားလာခဲ့ကြောင်း၊ ယင်းလုပ်ငန်းများသည် မဲခေါင်ဒေသတစ်ဝန်းသာမက အာဖရိက၊ တောင်အမေရိက၊ ပစိဖိတ်နှင့် အရှေ့အလယ်ပိုင်းဒေသများအထိ တိုးချဲ့ဖြစ်ပွားလျက်ရှိကြောင်း ဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသော အွန်လိုင်းလိမ်လည်မှုများသည်လည်း ဖြန့်ကြက်လှုပ်ရှားလာသည့် အွန်လိုင်းဒုစရိုက်ဂိုဏ်းကွန်ရက်များ၏ အစိတ်အပိုင်းများဖြစ်ကြောင်း တွေ့ရသည်ဟု သုံးသပ်ထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုတို့တွင် ငွေကြေးထောက်ပံ့မှု၊ လူအများအပြားသေကျေစေသော လက်နက်များပြန့်ပွားမှုအပေါ် ငွေကြေးထောက်ပံ့မှု၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဆိုက်ဘာအသုံးပြု၍ ကျူးလွန်သောလိမ်လည်မှုများကိုတိုက်ဖျက်ရန် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုသည်။ မြန်မာနိုင်ငံသည် FATF ၏ အကြံပြုချက်များ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဥပဒေမူဘောင်ကို ဆက်လက်အားကောင်းစေပြီး လုပ်ငန်းဆောင်ရွက်မှုများ၊ စွမ်းဆောင်ရည်များကို မြှင့်တင်ကာ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစွာ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

အွန်လိုင်းလိမ်လည်မှုများ၊ ဆိုက်ဘာနည်းပညာအသုံးပြု၍ ကျူးလွန်သောလိမ်လည်မှုများသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်း ဖြစ်ပေါ်နေသော၊ မြန်မာနိုင်ငံ၌ အစပြုသော ဒုစရိုက်မှုများမဟုတ်ကြောင်း ထင်ရှားသည်။ အဆိုပါဒုစရိုက်မှုများသည် ငွေကြေးခဝါချမှုများအပြင် ငွေကြေးစနစ်၏ ယုံကြည်စိတ်ချမှုကို ထိခိုက်စေပြီး ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသကဲ့သို့ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများအပေါ် ဆိုးကျိုးသက်ရောက်မှုရှိနေသည်ကို အပြည့်အဝအသိအမှတ်ပြုသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကိုတိုက်ဖျက်ရန် အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် အဆိုပါဒုစရိုက်မှုများ ထပ်မံမတည်ဆောက်နိုင်ရန် အပြီးတိုင်ရှင်းလင်းဖယ်ရှားလျက်ရှိပြီး တက်တက်ကြွကြွ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နယ်စပ်ဖြတ်ကျော် ဖွဲ့စည်းထားသော ရာဇဝတ်ဂိုဏ်းများကြောင့် ထိခိုက်ခံစားနေရသော နိုင်ငံများအားလုံးအတွက် နည်းပညာအကူအညီ၊ သတင်းအချက်အလက်ဖလှယ်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အထောက်အပံ့များကို နိုင်ငံတကာအသိုက်အဝန်းများက ဆက်လက်ပံ့ပိုးပေးရန် တိုက်တွန်းအပ်ပါသည်။ အဆိုပါပြဿနာသည် နိုင်ငံအများစုဖြစ်ပွားနေသဖြင့် တစ်နိုင်ငံတည်းက ကိုင်တွယ်ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံအနေဖြင့် FATF၊ APG၊ Egmont Group နှင့် အခြားနိုင်ငံတကာမိတ်ဖက်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက် နိုင်ငံတကာဘဏ္ဍာရေးစနစ်၏ ယုံကြည်စိတ်ချမှုကိုထိန်းသိမ်းကာ နယ်စပ်ဖြတ်ကျော် ဘဏ္ဍာရေးရာဇဝတ်မှုများကို ထိရောက်စွာ တိုက်ဖျက်သွားမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၃

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး၊ ဦးဝင်းမြင့်၊ ဒေါ်သင်းသင်းချိုတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပ ရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်ပြီး တရားမအထူးအယူခံမှုအမှတ် ၄၈/၂၀၂၅ (ရန်ကုန်)၊ ၈/၂၀၂၆ (ကချင်)၊ ၁၈/၂၀၂၆ (ရန်ကုန်) နှင့် ၁၉/၂၀၂၆(ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့အတူ တရားမအထူးအယူခံမှုအမှတ် ၁၀/၂၀၂၆ (မန္တလေး)၊ ၁၂/၂၀၂၆ (ရန်ကုန်)၊ ၁၃/၂၀၂၆ (မန္တလေး)၊ ၂၀/၂၀၂၆ (ဧရာဝတီ) နှင့် ၂၄/၂၀၂၆ (မွန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၃-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၅ ~ ၃၆၆၃ | ၅၅၇ ~ ၅၅၈ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၈၈၅,၅၈၈.၈၈ | ၂,၉၀၂,၈၇၄.၀၁ | ၂၅,၉၆၀,၅၆၀.၀၇ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၁.၆၅ သန်းအား စားသုံးဆီကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၃ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၈ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၅၀၀ | ၁,၂၈၆ | ၂၃,၁၅၇,၀၀၀ |
| MTSH | ၉,၀၀၀ | ၉,၀၀၀ | ၃,၇၇၉ | ၃၄,၃၅၆,၆၀၀ |
| MCB | ၁၃,၅၀၀ | ၁၃,၀၀၀ | ၉၅ | ၁,၂၆၄,၀၀၀ |
| FPB | ၆,၈၀၀ | ၆,၈၀၀ | ၄,၆၉၉ | ၃၁,၉၄၃,၂၀၀ |
| TMH | ၃,၅၀၀ | ၃,၆၅၀ | ၁၈၅ | ၆၆၂,၈၀၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၃,၆၉၇ | ၇,၃၆၅,၀၅၀ |
| AMATA | ၄,၁၀၀ | ၄,၃၀၀ | ၇၆ | ၃၂၀,၅၀၀ |
| MAEX | ၆,၄၀၀ | ၆,၄၀၀ | ၂,၄၉၃ | ၁၅,၉၇၀,၅၀၀ |
| MADPL(PLB) | ၆,၅၀၀ | ၆,၃၀၀ | ၃,၅၃၇ | ၂၂,၃၅၅,၁၀၀ |
| ASPGB(PLB) | ၉,၇၀၀ | ၈,၇၀၀ | ၅၁,၂၄၇ | ၄၇၄,၈၆၁,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်းသတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ညီညွတ်ရေးက အရေးကြီး

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်က ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်း၊ ၁၇၁ စစ်ဒေသနိုင်ငံရေးမှူး ဦးထင်ဆမ်ရှန်း၊ တပ်မဟာ ၄၈၅ တပ်မဟာမှူး ဦးပေါက်ကျွင်းလုံ၊ တပ်မဟာ ၄၆၈ နိုင်ငံရေးမှူး ဦးကျောက်ရှောက်ဖူ၊ ဒုတိယစစ်ဦးစီးမှူး ဦးလီကော်ဖျင်နှင့် လားရှိုးဆက်ဆံရေးရုံး တာဝန်ခံ ဦးကျောက်ညီရှန်းတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယနေ့ တွေ့ဆုံဆွေးနွေးပွဲသည် အစိုးရသစ်တက်လာပြီးနောက်ပိုင်း “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ ညှိနှိုင်းရေး ကော်မတီအနေဖြင့် ပန်ဆန်းမြို့ တွေ့ဆုံဆွေးနွေးပွဲမှ ဆွေးနွေးခဲ့သည့် ဒေသဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား ဆက်လက်တင်ပြပေးခဲ့ကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)နှင့် ပိုမိုကောင်းမွန်သည့် နိုင်ငံရေးအခင်းအကျင်းများရရှိလာရေးအတွက် အသေးစိတ် ဆက်လက်ဆွေးနွေးပေးစေလိုကြောင်းနှင့် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတ ရာထူးတာဝန် ထမ်းဆောင်ခြင်းကို ထပ်လောင်းဂုဏ်ပြုအပ်ပါကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေးဟူသော အခြေခံမူကို တစိုက်မတ်မတ် စောင့်ထိန်းကာ ပြည်ထောင်စု စနစ်အတွင်း အခြေပြု၍ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပေါ် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့သည် နိုင်ငံတော်အစိုးရက ရှေ့ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံပြီး သဘောထား ကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန် အမြဲလိုက်နာကျင့်သုံးလျက်ရှိကြောင်းနှင့် ပြည်သူလူထု၏ လုံခြုံမှုကို အခြေခံအုတ်မြစ်အဖြစ် ခိုင်မာစေကာ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုစသည့် အမျိုးမျိုးသော ပြစ်မှုဆိုင်ရာများကို ပြင်းပြင်းထန်ထန် တိုက်ဖျက်နှိမ်နင်းသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း)က “ဝ” ပြည်သွေးစည်း ညီညွတ်ရေးပါတီ (UWSP) ၏ နိုင်ငံရေးလိုလားချက်နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်မည့်အစီအမံများကို ဆွေးနွေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)က နိုင်ငံတော်အစိုးရ ရှေ့ဆက်လက်ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွင် ပိုမိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်က ပန်ဆန်းမြို့၌ NSPNC ဥက္ကဋ္ဌအဖွဲ့နှင့် UWSP အဖွဲ့တို့ တွေ့ဆုံဆွေးနွေးမှုတွင် နှစ်ဖက်အကြား အဆင့်မြင့်တိုက်ရိုက် ဆက်သွယ်ဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်ခဲ့ပြီး နေပြည်တော်သို့ ရောက်ရှိဆွေးနွေးနိုင်မှုအဆင့်ထိ ရောက်ရှိစေခဲ့ကြောင်း၊ NSPNC နှင့် UWSP အကြား ဆက်သွယ်ရေးလမ်းကြောင်းတစ်ခု ထားရှိခြင်းဖြင့် ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များ အကောင်အထည်ဖော်မှုအပေါ် ပိုမိုအထောက်အကူဖြစ်စေပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးသို့ ဦးတည်ရောက်ရှိစေနိုင်မည်ဖြစ်ကြောင်း လက်တွေ့ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံပြီး လက်တွေ့ကျသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်နိုင်ရေးတို့ကို ဆွေးနွေးပြီး ဆွေးနွေးပွဲပထမနေ့ကို ရပ်နားလိုက်သည်။

ဆွေးနွေးပွဲဒုတိယနေ့ကို ဩဂုတ် ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

**◆ လေးမျက်နှာမြို့နယ်မှ**

ရေလွှဲတန်းရိုက်ခြင်း၊ ဝါးထရံကာခြင်း၊ သဲအိတ်ချခြင်း၊ Geo Bag (ကမ်းပြိုကာကွယ်ရေးအိတ်) များချခြင်းစသည့်လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြီးကြပ်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

ထို့ပြင် အကျယ်ပေ ၂၀၀ ခန့်နှင့် အနက်ပေ ၂၀ ခန့်ရှိသော ရေဝင်ပေါက်အား ပိတ်ဆို့၍ ရေဝင်ပမာဏလျော့နည်းစေရေး ရေစီးဝင်ရာလမ်းကြောင်းတွင် အတားအဆီးများပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့် သံကိုယ်ထည်အဟောင်းများတွင် သဲကျောက်ဖြည့်နှစ်မြုပ်၍ ရေစီးလမ်းကြောင်းအောက်ခြေပိုင်းအား ထိန်းသိမ်းကာကွယ်တားဆီးရေး၊ Geo Bag အိတ်များ Gabion box ကျောက်ခြင်းများ ချထားဆောင်ရွက်နိုင်ရေးအတွက် တွဲဖက်အသုံးပြုနိုင်မည့် ရေယာဉ်များ၊ လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်သို့ အမြန်ဆုံးရောက်ရှိရေး၊ ပန်းတာရေတိုက်စားမှု ပိုမိုမကျယ်ပြန့်စေရေးနှင့် ယခုမိုးရာသီကာလတွင် ပန်းတာကို ပိုမိုတောင့်တင်းစေရန်၊ ရေဘေးကာကွယ်နိုင်ရန် ဆက်လက်ပြုပြင်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဝေနံတာပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြားလိုအပ်သည့် စက်ယန္တရားများကိုလည်း အသင့်စုစည်းဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်သည့်ပြင်ဆင်မှုများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

**⁕ မိုးတိမ်တောင်များမှ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ (၂/၂၀၂၆) အစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၃

ချေးငွေအစီအစဉ်တွင် ခွင့်ပြုထားသည့် ဘဏ် ၁၀ ဘဏ်နှင့် Finance Company နှစ်ခုအနက် ယနေ့အစည်းအဝေးတွင် ဘဏ်ခြောက်ဘဏ်နှင့် Finance Company တစ်ခုတို့မှ တင်ပြလာသည့် ချေးငွေအမှုတွဲ ၁၁ ခုကို တင်ပြခဲ့ရာ နိုင်ငံ့ဝန်ထမ်းသုံးဦးနှင့် လုပ်ငန်းခုနစ်ခု အပါအဝင် စုစုပေါင်း ချေးငွေ ၁၀ ခု အတွက် ချေးငွေပမာဏ ငွေကျပ် ၆ ဒသမ ၈၆ ဘီလီယံကို ဗဟိုကော်မတီအဖွဲ့ဝင်များက စိစစ်အတည်ပြုခဲ့ကြောင်း အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ (၂/၂၀၂၆) အစည်းအဝေးမှသိရသည်။



ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်

အစည်းဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော် ဇမ္ဗူသီရိ ခန်းမ၌ကျင်းပရာ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတော်က ထည့်ဝင်ပံ့ပိုးသော ရန်ပုံငွေဖြင့် ချေးငွေအစီအစဉ်များ ပံ့ပိုးနိုင်ရန်အတွက် ယခု ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးထားခြင်းဖြစ်ပါကြောင်း၊ ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းအဖွဲ့က စိစစ်တင်ပြလာသော ချေးငွေများကို ချေးငွေဆိုင်ရာ စံပြုလုပ်ငန်းစဉ် SOP ပါ စံသတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ဆုံးဖြတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းများဖြစ်သည့်အတွက် အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

အစည်းဝေးသို့ ရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီ အဖွဲ့ဝင်များဖြစ်သည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ဒုတိယစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများနှင့် အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**




ပျက်စီးသွားသည့် စီမံကိန်းချဉ်းကပ်လမ်းအား ၂၀၂၆ ခုနှစ် ဇူလိုင်လက ပြန်လည်ပြုပြင်နေမှုအခြေအနေကို တွေ့ရစဉ်။

# ဒေါ်အောင်ဆန်းစုကြည်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃

ဒေါ်အောင်ဆန်းစုကြည်ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Arnaude de Baqque က ယနေ့နံနက်ပိုင်းတွင် လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



★ ရှေ့ဖုံးမှ

ထိန်းသိမ်းရေးရုံးရှိ ပစ္စည်းကိရိယာများ၊ မိုးလေဝသနှင့် ဇလဗေဒတိုင်းတာရေးစခန်းရှိ တိုင်းတာရေးကိရိယာပစ္စည်းများ၊ နိုင်ငံခြားမှ တင်သွင်းတပ်ဆင်ရသော စက်မှုလျှပ်စစ်ပစ္စည်းများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများအား ခိုးယူ/ဖျက်ဆီးခြင်းခံခဲ့ရကာ ကျောက်မဲမြို့ စီမံကိန်းအခြေစိုက်စခန်းအတွင်းရှိ ရုံးအဆောက်အအုံတစ်လုံးနှင့် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းနေအိမ်တစ်လုံးလည်း မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ယခုအချိန်တွင် ကျောက်မဲမြို့ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းအတွင်း ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုကြောင့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းတွင် ငွေကျပ်သန်း ၈၀၀ ခန့်နှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းတွင် အဆောက်အအုံများနှင့် မြို့ပြတည်ဆောက်မှု လုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများ၊ စက်/ယာဉ် ယန္တရားများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများအတွက် ငွေကျပ် ၂၆ ဘီလီယံဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့ပြင် နိုင်ငံခြားမှတင်သွင်းတပ်ဆင်ရသော စက်မှုလျှပ်စစ်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးမှု တန်ဖိုးသိရှိနိုင်ရန်၊ အဆိုပါပစ္စည်းများ တင်သွင်းတပ်ဆင်ရန် စာချုပ်ချုပ်ဆိုလုပ်ငန်းအပ်နှံထားသော နိုင်ငံခြားကုမ္ပဏီနှင့် ဌာနမှ ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များပူးပေါင်း၍ အသေးစိတ်စစ်ဆေးခြင်းနှင့် တန်ဖိုးသင့် တွက်ချက်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

နယ်မြေလုံခြုံရေးအခြေအနေများ ကောင်းမွန်ပြီးနောက် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းနှင့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်းသို့ သက်ဆိုင်ရာ တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဝန်ထမ်းများ ပူးပေါင်း၍ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဦးစွာဆောင်ရွက်ခဲ့ပြီး ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့၍ ကျောက်မဲမြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးပြန်လည်ရရှိသည်နှင့် ကျောက်မဲမြို့ပေါ်ရှိ စီမံကိန်းအခြေစိုက်စခန်းတွင် ထရန်စဖော်မာများ ပြန်လည်တပ်ဆင်၍ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်းတွင် စီမံကိန်းအဝင်လမ်းများ ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ စီမံကိန်းရှင်းလင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေမီးရရှိရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး ပျက်စီးဆုံးရှုံးခဲ့မှုများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံ၍ ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၏ တောင်ဘက်မိုင် ၂၀ ခန့်အကွာ တောင်ခြေကျေးရွာအနီး ဒုဋ္ဌဝတီမြစ်(မြစ်ငယ်မြစ်) ပေါ်တွင်တည်ရှိသည်။ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း ၂၈၀ မဂ္ဂါဝပ်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံး၏ ၅၃ ဒသမ ၉၅ ရာနှုန်းကို ဆောင်ရွက်ပြီးစီးပြီးဖြစ်၍ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းတစ်ခုလုံးပြီးစီးပါက ပျမ်းမျှလျှပ်စစ်ဓာတ်အားယူနစ် ၁၄၀၉ သန်း နှစ်စဉ်ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းမှတစ်ဆင့် ရှမ်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံလူဦးရေ ၃ ဒသမ ၇ သန်းအား လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်မည့် စီမံကိန်းကြီးတစ်ခုဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အားသွန်ခွန်စိုက်ကြိုးပမ်းမှုကြောင့် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သတင်းစဉ်**

☆ ငါးနှစ်ကြာမှ

မူလက BRT Lite စနစ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက်ပိုင်း YBS 37 ယာဉ်လိုင်းအဖြစ် ပြောင်းလဲပြေးဆွဲခဲ့ကာအချိန်အတန်ကြာ ရပ်နားထားခဲ့ခြင်းဖြစ်သည်။ ထိုသို့ရပ်နားခဲ့သည်မှာ ကြာခဲ့ပြီဖြစ်သည့် Scania Marcopolo ဘတ်စ်ကားများသည် ယခုအခါ YBS ဆူးလေ-ဒလ ယာဉ်လိုင်း၌ ပြန်လည်ပြေးဆွဲခြင်းဖြစ်သည်။

အဆိုပါ ဘတ်စ်ကားသည် လက်ရှိ ဆူးလေ -ဒလ (ဝန်ထမ်းအိမ်ရာ) ယာဉ်လိုင်းအပြင် ဆူးလေ-ဒလ (ကျောင်းရှေ့)၊ ဆူးလေ-ဒလ (ချယ်ရီ သဘော်ဆိပ်)နှင့် ဒလ-တွံတေး ယာဉ်လိုင်းများကိုလည်း နေ့စဉ် နံနက် ၅ နာရီမှ ၆ နာရီအတွင်း စတင်ပြေးဆွဲပြီး ညနေ ၆ နာရီမှ ၇ နာရီအထိ ဝန်ဆောင်မှုပေးလျက်ရှိသည်။

ထိုကဲ့သို့ ပြေးဆွဲနေသည့်အပေါ် ခရီးသည်များက “BRT Lite လိုင်းဆွဲစဉ်က ထောက်ကြန့်မှ ပြည်လမ်းအပြန် ကမ္ဘာအေး-ထောက်ကြန့် (အောင်မြင်ခဲ့သည် ) နောက် သာကေတ (မြင်တော်သာလမ်း )လူကြိုက်များခဲ့သည်။ ရပ်ဆိုင်းခဲ့တာ နှစ်ချီကြာပြီးမှ ပြန်လည်ပြေးဆွဲခြင်းက ခရီးသည်အတွက် အလွန်ကောင်းမွန်တယ်”ဟူ၍လည်းကောင်း၊ “YBS ပြေးလမ်းပေါ် ပြန်ရောက်လာတာ ဝမ်းသာပါတယ်” ဟူ၍လည်းကောင်း ခရီးသည်များက မှတ်ချက်ပြုထားကြကြောင်းသိရသည်။ MT

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃

ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြင့်ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ပြိုင်ပွဲကောင်းတစ်ခု ဖြစ်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပြိုင်ပွဲ၏ ရည်ရွယ်ချက်နှင့် အနှစ်သာရများ မပျောက်ပျက်စေရန် တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် တိုက်တွန်းပြောကြားသည်။



အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိဖူဆယ် အားကစားရုံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးသန်းမောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာသက်သက်ဇင်နှင့် ဒေါက်တာမောင်သင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖူဆယ်နှင့်သဲသောင်ပြင် ဆပ်ကော်မတီမှ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံတွင် ဖူဆယ်အားကစားနည်းကို ၁၉၉၈ ခုနှစ်မှ ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဖလား ဖူဆယ်ပြိုင်ပွဲကို တောင်ဥက္ကလာပ မြို့နယ်ရှိ ပဒေသာဘောလုံးအားကစားကွင်းတွင် စတင်ကျင်းပခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ် မြန်မာ့လက်ရွေးစင်(အမျိုးသား) ဖူဆယ်အသင်းသည် ပထမအကြိမ်နိုင်ငံတကာပြိုင်ပွဲ အနေဖြင့် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship နိုင်ငံတကာ ဖူဆယ်ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ကြေးတံဆိပ် တစ်ခု ရရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ ၂၀၁၇ ခုနှစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Championship တွင်ကြေးတံဆိပ် တစ်ခုနှင့် ၂၀၁၈ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် AFF Futsal Club Championship ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ ၂၀၂၅ ခုနှစ် AFF Futsal Club Championship U-16 ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း၊ အလားတူ မြန်မာ့လက်ရွေးစင်(အမျိုးသမီး) ဖူဆယ်အသင်းသည် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခု၊ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမျိုးသားအသင်းက ကြေးတံဆိပ် တစ်ခု၊ အမျိုးသမီးအသင်းက ကြေးတံဆိပ် တစ်ခုကို ဆွတ်ခူးရရှိခဲ့ကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် ဖူဆယ်အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားယှဉ်ပြိုင်ကြရန် ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဆက်လက်တိုက်တွန်းမှာကြားပြီး ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲတွင်ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် အထက(၆) ဇမ္ဗူသီရိမြို့နယ် ဘင်ခရာအဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်းပေးအပ်ပြီး ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဖူဆယ်(အမျိုးသား) အုပ်စုပတ်လည် ပွဲစဉ်တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၆ ခုနှစ်ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲတွင် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အသင်း ၂၅ သင်းတို့က ဩဂုတ် ၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ၁၂ ရက်ကြာ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အားကစားဝါသနာရှင်များ မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့၌ မိုးရာသီအားကစားပြိုင်ပွဲများ ကျင်းပ

ရွှေဘို ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကျင်းပသည့် ရွှေဘိုမြို့နယ် မိုးရာသီအားကစားပြိုင်ပွဲများကို ဇူလိုင် ၂၇ ရက်မှစ၍ ရန်ကြီးအောင်အားကစားရုံ၌ ကျင်းပလျက်ရှိသည်။

အားကစားပြိုင်ပွဲများသည် လူငယ်များ၏ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး၊ စည်းလုံးညီညွတ်မှု တိုးတက်မြင့်မားလာစေရေးနှင့် အားကစားစိတ်ဓာတ်၊ အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် စည်းကမ်းလိုက်နာမှုတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ရွှေဘိုမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

အဆိုပါ မိုးရာသီအားကစားပြိုင်ပွဲများတွင် ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ဘော်လီဘောနှင့် ဖူဆယ်ပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ရွှေဘိုမြို့နယ်အတွင်းရှိ အားကစားဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဌာနဆိုင်ရာများမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားနည်းအလိုက် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေးအစီအစဉ်ဖြင့် ဖွင့်လှစ်မည့် တိုက်ကွမ်ဒိုနည်းပြသင်တန်း(အဆင့်-၁) ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃

အိုလံပစ်သွေးစည်းညီညွတ်ရေး အစီအစဉ်သည် အဖွဲ့ဝင်နိုင်ငံများ၏ အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ အားကစားသမားနှင့် နည်းပြများ၏ အရည်အသွေးမြှင့်တင်ရေးကို အဓိကပံ့ပိုးပေးနေသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ကျင်းပသည့် အဆင့်သတ်မှတ်ချက်ပြိုင်ပွဲများနှင့် ၁၉၈၉ ခုနှစ် (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှစ၍ ၂၀၂၅ ခုနှစ် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအထိ ရွှေတံဆိပ် ၉၅ ခု၊ ငွေတံဆိပ် ၈၉ ခု၊ ကြေးတံဆိပ် ၂၁၅ ခုတို့ကို နိုင်ငံတော်အတွက် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ၂၀၂၇ ခုနှစ်တွင် ကျင်းပမည့် နိုင်ငံတကာပြိုင်ပွဲများ၊ သက်တမ်းအလိုက်ပြိုင်ပွဲများနှင့် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီးတွင် အောင်မြင်မှုများရရှိရန် ကြိုးစားကြစေလိုကြောင်း မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုက်ကွမ်ဒိုနည်းပြသင်တန်း (အဆင့်-၁) ဖွင့်ပွဲအခမ်းအနားတွင် တိုက်တွန်းပြောကြားသည်။



အဆိုပါသင်တန်းကိုအပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ ကမ္ဘာ့တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ သွေးစည်းညီညွတ်ရေး အစီအစဉ်ဖြင့် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း(Gold Camp) ဘက်စုံသုံးခန်းမ၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

တိုက်ကွမ်ဒိုနည်းပြသင်တန်း (အဆင့်-၁)တွင် ကမ္ဘာ့တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ပေးအပ်ထားသည့် ကမ္ဘာ့တိုက်ကွမ်ဒို ကကွက်ဒိုင်ဥက္ကဋ္ဌ အမေရိကန်နိုင်ငံသား ကိုရီးယားလူမျိုး ပရော်ဖက်ဆာ Jun Cheol Yoon က သင်တန်းနည်းပြအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး လေ့ကျင့်ပေးမည့်နည်းစနစ်များ၊ လေ့ကျင့်မှုပုံစံများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၃ ရက်မှ ၇ ရက် အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၂၅ ဦး၊ သင်တန်းသူ ၁၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးကုတ်မြို့၌ မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

မိုးကုတ် ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့တွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ(ဖလား) ရပ်ကွက်/ကျေးရွာအုပ်စု မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က အောင်နန်းရပ်ရှိ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးပါပါလွင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ရဲမှူးတင့်လွင်ဌေးက ကွင်းအတွင်း/အပြင် စည်းကမ်းချက်များကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးကိုကိုက မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက ရေဦးကြီးအသင်းနှင့် အောင်နီလာ(၂)အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုဖြင့် ပြိုင်ပွဲအား ဖွင့်လှစ်ခဲ့သည်။ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု - အခွင့်အလမ်း၊ အခက်အခဲနှင့် ဖြေရှင်းနည်းများ

မောင်မျိုးခိုင် (ကွန်ပျူတာတက္ကသိုလ်)

ယနေ့ ၂၁ ရာစု ကမ္ဘာ့နိုင်ငံများအနေဖြင့် ပြောင်းလဲလာသော နည်းပညာခေတ်နှင့်အညီ ရင်ပေါင်တန်းလိုက်ပါနိုင်ရန်အတွက် 'ဒီဂျစ်တယ်အသွင်ကူးပြောင်းမှု' (Digital Transformation) ကို မဖြစ်မနေ ဆောင်ရွက်လျက်ရှိကြပါသည်။ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုသည်မှာ ကွန်ပျူတာ၊ အင်တာနက်နှင့် ခေတ်မီ ICT နည်းပညာရပ်များကိုအသုံးပြု၍ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍစုံကို ပိုမိုမြန်ဆန်ချောမွေ့အောင် အခြေခံမှစ၍ ပြောင်းလဲပစ်ခြင်းပင်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းစဉ်သည် နိုင်ငံတစ်နိုင်ငံအား ခုန်ပျံကျော်လွှား (Leapfrog) လျင်မြန်စွာ တိုးတက်သွားစေနိုင်သလို စနစ်တကျ ကြိုတင်ပြင်ဆင်မှုမရှိပါကလည်း အခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါသည်။ ဤဆောင်းပါးတွင် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် e-Estonia ဟုပင် စံပြုတင်စားခံရသည့် ဥရောပတိုက်ရှိ အက်စတိုးနီးယားနိုင်ငံနှင့် လက်ရှိအချိန်တွင် ကြိုးပမ်းကူးပြောင်းနေဆဲနိုင်ငံများ၏ အတွေ့အကြုံများ၊ ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများက ထုတ်ပြန်ထားသည့် အစီရင်ခံစာများကို အခြေခံ၍ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကြောင့် ရရှိလာမည့် အခွင့်အလမ်းများ၊ ရင်ဆိုင်ကျော်လွှားရမည့်အခက်အခဲများနှင့် မဟာဗျူဟာမြောက် ဖြေရှင်းနည်းများကို ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

### ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကြောင့် ရရှိလာမည့်အခွင့်အလမ်းများ

ကမ္ဘာ့နိုင်ငံများတွင် ဒီဂျစ်တယ်နည်းပညာကို ကဏ္ဍစုံ၌ စနစ်တကျ ပေါင်းစပ်အသုံးချနိုင်ပါက အောက်ပါအခွင့်အလမ်းများကို ရရှိခံစားရကြောင်း လေ့လာတွေ့ရှိရပါသည်။

**(က) စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း –** ဒီဂျစ်တယ်နည်းပညာအခြေပြု စီးပွားရေးလုပ်ငန်းသစ်များ ပေါ်ထွက်လာခြင်းကြောင့် နိုင်ငံ၏ အမျိုးသားကုန်ထုတ်လုပ်မှု (GDP)ကို သိသာစွာမြှင့်တင်ပေးနိုင်ပြီး တိုင်းပြည်စီးပွားရေးကို အရှိန်အဟုန်ဖြင့် တိုးတက်ခိုင်မာစေနိုင်မည်ဖြစ်ပါသည်။

**(ခ) ကုန်ထုတ်စွမ်းအား တိုးတက်ခြင်း –** လုပ်ငန်းခွင်အသီးသီးတွင် အလိုအလျောက်စနစ်များနှင့် အဆင့်မြင့်ဆော့ဖ်ဝဲလ်များကို ပေါင်းစပ်အသုံးပြုခြင်းကြောင့် ကုန်ထုတ်စွမ်းအားကို အရည်အသွေးမြင့်မားလာစေပြီး အချိန်နှင့် လုပ်အားကုန်ကျမှုများကို ထိရောက်စွာလျှော့ချပေးနိုင်မည်ဖြစ်ပါသည်။

**(ဂ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဈေးကွက်ချဲ့ထွင်နိုင်ခြင်း –** အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) အနေဖြင့် အီးကောမတ်စ် (E-commerce) စနစ်ကို အသုံးချကာ ဒေသတွင်းဈေးကွက်မှသည် နိုင်ငံတကာဈေးကွက်အထိ ချိတ်ဆက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပါသည်။

**(ဃ) ဘဏ္ဍာရေးဝန်ဆောင်မှုများအား လူတိုင်းလက်လှမ်းမီခြင်း–** မိုဘိုင်းဘဏ်စနစ် ကျယ်ပြန့်လာခြင်းကြောင့် ယခင်က ပုံမှန်ဘဏ်အကောင့်မရှိသည့် ကျေးလက်နှင့် အခြေခံလူထုပါ ဘဏ္ဍာရေးဝန်ဆောင်မှုများကို အလွယ်တကူ လက်လှမ်းမီလာစေပြီး ငွေကြေးစီးဆင်းမှုစနစ်အတွင်းသို့ ဝင်ရောက်လာစေမည်ဖြစ်ပါသည်။

**(င) အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွက်ခြင်း –** လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး အချက်အလက်ဆန်းစစ်သူများနှင့် ဆော့ဖ်ဝဲလ်ရေးဆွဲသူများကဲ့သို့သော နည်းပညာအခြေပြု အလုပ်အကိုင်အခွင့်အလမ်းသစ်များစွာ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

**(စ) ဝေးလံဒေသများ ပညာရေးအခွင့်အလမ်းရရှိနိုင်ခြင်း –** ပညာရေးကဏ္ဍတွင် အင်တာနက်အသုံးပြု၍ ဝေးလံခေါင်ဖျားဒေသရှိ ကျောင်းသားလူငယ်များပါမကျန် တန်းတူညီမျှစွာဖြင့် ပညာရပ်များကို အချိန်မရွေး၊ နေရာဒေသမရွေး သင်ယူလေ့လာခွင့်ရရှိမည်ဖြစ်ပါသည်။

**(ဆ) အဝေးရောက် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ခြင်း –** ကျန်းမာရေးကဏ္ဍတွင် အဝေးရောက်ဆေးကုသမှုစနစ် (Telemedicine) ကိုအသုံးချကာ အဆင့်မြင့်အထူးကုဆရာဝန်ကြီးများနှင့် တိုက်ရိုက်ချိတ်ဆက်၍ ဒေသမရွေး အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ရယူနိုင်စေမည်ဖြစ်ပါသည်။

**(ဇ) အချက်အလက်အခြေပြု မူဝါဒများ ချမှတ်နိုင်ခြင်း –** အချက်အလက် (Data)များကို အလွယ်တကူ စနစ်တကျ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နိုင်ခြင်းကြောင့် နိုင်ငံတော်အဆင့်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ခိုင်မာသည့် အချက်အလက်အခြေပြုမူဝါဒများကို ချမှတ်နိုင်မည်ဖြစ်ပါသည်။

**(ဈ) အဂတိလိုက်စားမှုမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ခြင်း–** ပြည်သူ့ဝန်ဆောင်မှုများကို အွန်လိုင်းစနစ် (E-Governance) သို့ ပြောင်းလဲခြင်းဖြင့် လူချင်းတိုက်ရိုက်ထိတွေ့မှုကို လျှော့ချနိုင်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ခြင်းကြောင့် အဂတိလိုက်စားမှုဖြစ်ပေါ်မလာအောင် ကြိုတင်ကာကွယ်ပြီးဖြစ်ပါသည်။

**(ည) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေခြင်း–** ဒီဂျစ်တယ်စနစ်ကြောင့် ရှုပ်ထွေးသော ရုံးလုပ်ငန်းအဆင့်ဆင့်ကို လျှော့ချနိုင်ပြီး ပြည်သူလူထုလိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းစဉ်များကို အချိန်ကြန့်ကြာမှုမရှိဘဲ နေရာမရွေး၊ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။

### ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆောင်ရွက်ရာတွင် ကြုံတွေ့ရနိုင်သည့်အခက်အခဲများ

တစ်ဖက်တွင်လည်း ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို ဆောင်ရွက်ကြရာ၌ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ အောက်ပါအခက်အခဲနှင့် စိန်ခေါ်မှုများကိုရင်ဆိုင်ကြုံတွေ့ရလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

> **“ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝ ဘက်စုံတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် မောင်းနှင်ပေးနိုင်သည့် “စွမ်းအား”တစ်ခုပင်ဖြစ်ပါသည်။ လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲနှင့် စိန်ခေါ်မှုများရှိနေမည်ဖြစ်သော်လည်း ယူဆောင်လာမည့်အခွင့်အလမ်းများမှာ နိုင်ငံတစ်နိုင်ငံအား ခုန်ပျံကျော်လွှား တိုးတက်သွားစေနိုင်လောက်အောင် အလွန်ပင်ကြီးမားလှ”**

**(က) အခြေခံအဆောက်အအုံပိုင်း အားနည်းချက် –** ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ နိုင်ငံ၏နေရာဒေသအနှံ့ ကျေးလက်ဒေသများအထိ တည်ငြိမ်သော လျှပ်စစ်မီးနှင့် မြန်နှုန်းမြင့် အင်တာနက်လိုင်းများ လုံလောက်စွာ မလွှမ်းခြုံနိုင်သေးခြင်းက ဒီဂျစ်တယ်ခရီးစဉ်အတွက် အခြေခံအကျဆုံး အတားအဆီးဖြစ်လာနိုင်ပါသည်။

**(ခ) ရင်းနှီးမြှုပ်နှံမှု မလုံလောက်ခြင်း–** ခေတ်မီနည်းပညာပိုင်းဆိုင်ရာဝယ်ယူမှုများနှင့် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်ရန်အတွက် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများ လုံလောက်စွာမရရှိခြင်းက အခက်အခဲတစ်ရပ် ဖြစ်လာနိုင်ပါသည်။

**(ဂ) ဒီဂျစ်တယ် နားလည်တတ်မြောက်မှု အားနည်းခြင်း –** အများပြည်သူနှင့် လုပ်ငန်းရှင်အများစုတွင် နည်းပညာကို စနစ်တကျ ကိုင်တွယ်အသုံးချနိုင်သည့် “ဒီဂျစ်တယ် နားလည်တတ်မြောက်မှု” (Digital Literacy) အားနည်းနေခြင်းကြောင့် နည်းပညာအသွင်ကူးပြောင်းမှု ဆောင်ရွက်ရာတွင် နှောင့်နှေးမှုများ ကြုံတွေ့ရနိုင်ပါသည်။

**(ဃ) အဆင့်မြင့်နည်းပညာ ကျွမ်းကျင်ပညာရှင် ရှားပါးခြင်း –** ဆိုက်ဘာလုံခြုံရေး (Cybersecurity)နှင့် ဒေတာသိပ္ပံ (Data Science) ကဲ့သို့သော အဆင့်မြင့်နည်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ရှားပါးပါက ဒီဂျစ်တယ်အသုံးချစနစ်များကို ရေရှည်ထိန်းသိမ်းရန် ခက်ခဲနိုင်ပါသည်။

**(င) ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်မှုများမြင့်တက်ခြင်း –** ဒီဂျစ်တယ်နည်းပညာအသုံးပြုမှု များပြားလာသည်နှင့်အမျှ ဒေတာအချက်အလက် ခိုးယူခံရခြင်းနှင့် ဆိုက်ဘာလိမ်လည်မှုများ (Cyber Frauds) ကဲ့သော ခြိမ်းခြောက်မှုများမှာ စိုးရိမ်စရာကောင်းလောက်အောင် မြင့်တက်လာနိုင်ပါသည်။

**(စ) ဥပဒေနှင့် မူဝါဒများ အဆင်သင့်မဖြစ်ခြင်း –** ဆိုက်ဘာရာဇဝတ်မှုများကို ကာကွယ်တားဆီးရန်နှင့် အများပြည်သူတို့၏ အချက်အလက်များကို အကာအကွယ်ပေးရန် ခိုင်မာသောဥပဒေနှင့် မူဝါဒလမ်းညွှန်ချက်များ အဆင်သင့်မဖြစ်ပါက ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးအတွက် ကြီးမားသော ဟာကွက်တစ်ခုဖြစ်လာနိုင်ပါသည်။

**(ဆ) ပြောင်းလဲမှုကို လက်မခံလိုသော ရှေးရိုးစွဲစိတ်ခံတတ်များ–** လုပ်ငန်းခွင်အချို့ရှိ ဝန်ထမ်းများနှင့် ပြည်သူအချို့သည် စနစ်ဟောင်းမှ ဒီဂျစ်တယ်စနစ်သစ်သို့ ပြောင်းလဲမှုကိုလက်ခံရန် ဝန်လေးနေကြလေ့ရှိခြင်းသည်လည်း အခက်အခဲတစ်ခုဖြစ်ပါသည်။

**(ဇ) ဒီဂျစ်တယ်ကွာဟချက် တည်ရှိနေခြင်း –** ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲအကြား၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား၊ ဒီဂျစ်တယ်တတ်မြောက်သူနှင့် မတတ်မြောက်သူအကြား “ဒီဂျစ်တယ်ကွာဟချက်” (Digital Divide) တည်ရှိနေခြင်းမှာလည်း အခက်အခဲတစ်ခုဖြစ်ပါသည်။

**(ဈ) သတင်းတု၊ သတင်းမှားနှင့် အမုန်းစကားများ လွယ်ကူစွာပျံ့နှံ့နိုင်ခြင်း –** အွန်လိုင်းလူမှုကွန်ရက်များပေါ်တွင် သတင်းတု၊ သတင်းမှားများနှင့် အမုန်းစကားများ လွယ်ကူစွာပျံ့နှံ့နိုင်သည့် ဘေးထွက်ဆိုးကျိုးသည်လည်း အခက်အခဲတစ်ခုဖြစ်ပါသည်။

**(ည) နည်းပညာပြောင်းလဲမှုမြန်ဆန်၍ စနစ်ဟောင်းများ ကျန်ရစ်ခြင်း –** ဒီဂျစ်တယ်နည်းပညာ၏ တိုးတက်ပြောင်းလဲမှုနှုန်းသည် အလွန်မြန်ဆန်သဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် စနစ်သစ်တစ်ခုကို အကောင်အထည်ဖော်နေစဉ်မှာပင် ၎င်းစနစ်မှာ ခေတ်နောက်ကျသွားတတ်ပြီး အိုင်တီအခြေခံစနစ်ဟောင်းများကို အချိန်မီအဆင့်မြှင့်တင်ရန် ခက်ခဲခြင်းဖြစ်ပါသည်။

### ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုတွင် ကြုံတွေ့ရမည့်အခက်အခဲများအတွက် မဟာဗျူဟာမြောက် ဖြေရှင်းနည်းများ

အထက်ပါအခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး အောင်မြင်သော ဒီဂျစ်တယ်လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရန်အတွက် ရေရှည်တည်တံ့သော အောက်ပါမဟာဗျူဟာများကို ကျင့်သုံးဖြေရှင်းနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(က) ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းရင်းနှီးမြှုပ်နှံခြင်း –** အခြေခံအဆောက်အအုံ တည်ဆောက်ရေးတွင် နိုင်ငံတော်အနေဖြင့် တစ်ဦးတည်း ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပုဂ္ဂလိကကဏ္ဍနှင့် လက်တွဲကာ ကုန်ကျမည့် ရင်းနှီးမြှုပ်နှံမှုစရိတ်များကို အချိုးကျ ပူးပေါင်းရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။

**(ခ) အင်တာနက်ဝန်ဆောင်ခ ဈေးနှုန်းချိုသာစေခြင်း –** မြို့ပြနှင့် ကျေးလက်ဒေသများအထိပါ မြန်နှုန်းမြင့်အင်တာနက်လိုင်းများကို ပြည်သူလူထု လက်လှမ်းမီနိုင်သောဈေးနှုန်းဖြင့် ကျယ်ပြန့်စွာသုံးစွဲနိုင်အောင် ဖြန့်ကြက်ပေးခြင်းဖြစ်ပါသည်။

**(ဂ) ကျောင်းသင်ရိုးတွင် ဒီဂျစ်တယ်နည်းပညာ ထည့်သွင်းခြင်း–** ဒီဂျစ်တယ်တတ်မြောက်သည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံပညာရေး၏ ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ICT နှင့် ကွန်ပျူတာဘာသာရပ်များကို မသင်မနေရ ဘာသာရပ်များအဖြစ် စနစ်တကျ ထည့်သွင်းသင်ကြားပေးစေခြင်းဖြစ်ပါသည်။

**(ဃ) ဝန်ထမ်းများ၏ ကျွမ်းကျင်မှုကို အဆက်မပြတ်မြှင့်တင်ခြင်း–** လက်ရှိလုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေကြရသည့် ဝန်ထမ်းများ၏ အရည်အသွေးများ ခေတ်နောက်မကျစေရန် နည်းပညာသစ်များ အသုံးချမှုဆိုင်ရာ ပြန်လည်မွမ်းမံလေ့ကျင့်ပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးခြင်းဖြစ်ပါသည်။

**(င) ဆိုက်ဘာနှင့် ဒေတာကာကွယ်ရေးဥပဒေများ ပြဋ္ဌာန်းခြင်း–** ပြည်သူတို့၏ ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေများနှင့် ဆိုက်ဘာလုံခြုံရေးဥပဒေများကို ရေးဆွဲပြဋ္ဌာန်း၍ ပြောင်းလဲလာမည့် ဒီဂျစ်တယ်ယဉ်ကျေးမှုအပေါ် ဥပဒေပိုင်းမှ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**(စ) နိုင်ငံတော်ကိုယ်တိုင် ရှေ့ဆောင်လမ်းပြပြုလုပ်ခြင်း –** နိုင်ငံတော်ကိုယ်တိုင်က ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဒီဂျစ်တယ်စနစ်သို့ စံပြအဖြစ် ဦးစွာပြောင်းလဲကာ ပြောင်းလဲရန်ဝန်လေးနေသည့် လုပ်ငန်းရှင်များနှင့် ပြည်သူများအတွက် ရှေ့ဆောင်လမ်းပြ နမူနာပြသခြင်းဖြစ်ပါသည်။

**(ဆ) နည်းပညာလုပ်ငန်းသစ်များကို အားပေးမြှင့်တင်ခြင်း–** နိုင်ငံအတွင်းတွင် ခေတ်မီတီထွင်ဆန်းသစ်မှုများ တိုးတက်ပေါ်ထွက်လာစေရန်အတွက် စတင်တည်ထောင်စ နည်းပညာလုပ်ငန်းသစ်များကို မြေတောင်မြှောက်ပေးခြင်းဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ❋

# တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာပါက ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများကို ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များ ရရှိရေးဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ဆန္ဒပြုလာသူများအား အလုပ်အကိုင်ရရှိစေရေး မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MOEAA)နှင့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန၌ ကျင်းပသည့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ အစည်းအဝေးမှ သိရသည်။



ထို့ပြင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြည်ပသို့အလုပ်သမားစေလွှတ်ခြင်းများ ပိုမိုမြန်ဆန်စေရေးအတွက် မလိုအပ်သည့် လုပ်ငန်းစဉ်များကို ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊ ပိုမိုကောင်းမွန်သည့် ပြည်ပလုပ်သားဈေးကွက် ရရှိစေခြင်းနှင့် ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကာကွယ်စောင့်ရှောက်မှု ပိုမိုရရှိစေခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိသလို ပြည်တွင်း၌လည်း လုပ်သားအင်အားဆုံးရှုံးမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ကော်မတီက ချမှတ်ပေးထားသောလုပ်ငန်းစဉ်များအောင်မြင်အောင် ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည့်အကြံပြုချက်များရှိပါက အသိပေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ ယင်းနောက် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်သည့် ရည်ရွယ်ချက်၊ စည်းကြပ်သည့်ဥပဒေနှင့် အေဂျင်စီများ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင် လျှောက်ထားလာမှုအပေါ် စိစစ်ထုတ်ပေးနေမှုနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးတွင် ဆွေးနွေးမည့် အမှာစာကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက လုပ်ငန်းစဉ်များအလိုက် အကြံပြုဆွေးနွေးသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာမြန်မာသံရုံးမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# တောင်ငူခရိုင် အထူးဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

**တောင်ငူ ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ပျောရိုးချောင်းကျေးရွာ၌ စွန့်ပစ်ပစ္စည်းမှ သံရည်ကျိုလုပ်ငန်း၊ သံထည်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုအားပေးသည်။



ထို့နောက် တောင်ငူမြို့နယ် လဲဘူးကျေးရွာရှိစပါးစိုက်ကေများ၌ ဓာတုပိုးသတ်ဆေးသုံးစွဲမှု လျှော့ချရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ထရိုင်ကိုရားမား ဥကပ်ပါး နဂျယ်အသုံးပြုစိုက်ပျိုးနိုင်ရေး အသိပညာပေးပွဲသို့တက်ရောက်၍ ထရိုင်ကိုရားမား ဥကပ်ပါး နဂျယ်ပိုးလောင်းများ ဖြန့်ဝေပေးသည်။

ထို့ပြင် တောင်ငူမြို့ ကန်တော်ရပ်ကွက်ရှိ တန်(၆၀)ကျကောင်းပြည့် အဆင့်မြင့်ဆန်စက်၌ စွန့်ပစ်စပါးခွံသုံး လျှပ်စစ်ထုတ်စက် Gasifier ဖြင့် လည်ပတ်နေမှုနှင့် နန်းသူဇာ ပဲမှုန့်နှင့် ပဲကြော်လုပ်ငန်း၊ သရဖူမုန့်တိုက်နှင့် မုန့်မျိုးစုံ ထုတ်လုပ်ရေးတို့သို့ ကြည့်ရှုအားပေးပြီး ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် အမည်သစ်မုန့်များ အဆင့်အတန်းမီမီ ထုတ်လုပ်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# လသာမြို့နယ် သမဝါယမအသင်းစုက ကြက်ဥများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်တွင် ပြည်သူများ၏ နေ့စဉ်စားသောက်ကုန် ဝယ်ယူအသုံးပြုမှုအတွက် အထောက်အကူဖြစ်စေရန်နှင့် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူနိုင်စေရန်ရည်ရွယ်၍ လသာမြို့နယ်သမဝါယမအသင်းစုက ကြက်ဥများကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်သမဝါယမအသင်းစု၌ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသည်။

အဆိုပါရောင်းချမှုတွင် ကြက်ဥများကို တစ်လုံးလျှင် ငွေကျပ် ၅၅၀ နှုန်းဖြင့် ရောင်းချပေးခဲ့ပြီး လသာမြို့နယ် သမဝါယမအသင်းစုက ကြက်ဥအလုံးရေ ၄၀၀၀ ကို ပြည်သူများထံ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ယင်းကဲ့သို့ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် စဉ်ဆက်မပြတ် ရောင်းချပေးခြင်းသည် ပြည်သူများ၏ လူနေမှုကုန်ကျစရိတ်သက်သာစေရေးနှင့် စားသောက်ကုန်ဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး လိုအပ်သည့်အခြေခံကုန်ပစ္စည်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ပြန်/ဆက်)**



# ဆီဆိုင်မြို့နယ်၌ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး အသိပညာပေးဟောပြော



**ဆီဆိုင် ဩဂုတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ညနေပိုင်းတွင် ဘန်နောင်ကားကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းက ဘိန်းစိုက်ရာသီကာလ၌ ဘိန်းစိုက်ပျိုးမှုမရှိစေရေး အသိပညာပေးခြင်းနှင့် ဘိန်းစိုက်ပျိုးပါက အရေးယူနိုင်သည့်အခြေအနေများ၊ ဘန်းယဉ်နယ်မြေစခန်းမှူး ဒုတိယရဲမှူး ခွန်ကျော်ဝင်းက ဘိန်းစိုက်ပျိုးမှု၏ ဆိုးကျိုးများနှင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေးနှင့် ဆိုက်ခေါင်နယ်မြေစခန်းမှူး ရဲအုပ်နိုင်နိုင်ထွန်းက မှုခင်းလျော့နည်းကျဆင်းရေးနှင့် ဘိန်းစိုက်ပျိုးမှုမပြုရန်တို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

❋ စာမျက်နှာ ၆ မှ

**(ဇ) လုပ်ငန်းခွင်ဆိုင်ရာ ဆိုက်ဘာလုံခြုံရေးစနစ်များ တည်ဆောက်မြှင့်တင်ခြင်း –** စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းအသီးသီးတွင် ခေတ်မီဆိုက်ဘာလုံခြုံရေး ကာကွယ်ရေးစနစ်များကို စနစ်တကျတည်ဆောက်ပြီး မိမိတို့၏ အဓိကကျသော သုံးစွဲသူဒေတာစင်တာများနှင့် ကွန်ပျူတာဆာဗာများကို လုံခြုံစိတ်ချရအောင် စောင့်ကြည့်ကာကွယ်ခြင်းဖြစ်ပါသည်။

**(ဈ) ပြည်သူလူထုအား အွန်လိုင်းလိမ်လည်မှုသတိပြုစေခြင်း–** ပြည်သူလူထုအတွင်း အွန်လိုင်းပေါ်မှ ငွေကြေးလိမ်လည်မှုများနှင့် ဒေတာအချက်အလက် အလွဲသုံးစားလုပ်မှုများဘေးမှ ကြိုတင်ကာကွယ်သတိပြုနိုင်ရန်အတွက် လူထုအသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြစ်ပါသည်။

**(ည) ခေတ်နှင့်အညီ လွယ်ကူစွာ အဆင့်မြှင့်တင်နိုင်မည့် စနစ်များပြင်ဆင်ခြင်း –** နည်းပညာအပြောင်းအလဲ မြန်ဆန်မှုကို ရင်ဆိုင်နိုင်ရန်အတွက် စနစ်များကို ခေတ်ရေစီးကြောင်းအလိုက် အလွယ်တကူ ထပ်မံဖြည့်စွက် အဆင့်မြှင့်တင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

ခြုံငုံသုံးသပ်ရလျှင် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဘဝ ဘက်စုံတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် မောင်းနှင်ပေးနိုင်သည့် “စွမ်းအား” တစ်ခုပင်ဖြစ်ပါသည်။ လက်တွေ့ အကောင်အထည်ဖော်ရာတွင် အခက်အခဲနှင့် စိန်ခေါ်မှုများ ရှိနေမည်ဖြစ်သော်လည်း ယူဆောင်လာမည့်အခွင့်အလမ်းများမှာ နိုင်ငံတစ်နိုင်ငံအား ခုန်ပျံကျော်လွှား တိုးတက်သွားစေနိုင်လောက်အောင် အလွန်ပင်ကြီးမားလှပါသည်။ သို့ဖြစ်ရာ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် လူတိုင်းပါဝင်နိုင်သည့် အနာဂတ်အခွင့်အလမ်းသစ်များနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့ကို လမ်းခင်းပေးနိုင်မည်ဖြစ်ပါတော့သည်။ ။


**ကိုးကား**

1. Digital Transformation in Developing Countries: Opportunities, Challenges, and Best Practices – South Africa, Ethiopia and Belize, A. M. Olugbemi, Journal of Academic Research, 2024.
2. National Digital Identity Programmes: What's Next? Case Studies: Estonia, Tunisia, India, Access Now Policy Paper, May 2018.
3. Estonian Digital Society Development Plan 2035, Ministry of Justic and Digital Affairs, Republic of Estonia.
4. Global Digital Compact: An Open, Free and Secure Digital Future for All, United Nations, September 2024. [un.org].
5. Digital Economy for Africa (DE4A) Initiative: Five Foundational Pillars of Digital Transformation, World Bank Group, Technical Framework Report, 2023. [worldbank.org].
6. UNDP Digital Strategy: Fostering Inclusive Digital Ecosystems, United Nations Development Programme (UNDP), Strategic Guidance Paper, 2022. [undp.org].

# သမဝါယမစနစ်စီးပွားရေး ပီပြင်စွာဖြစ်ပေါ်လာရေးနှင့် အစုအဖွဲ့စနစ်ဖြင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၃



သမဝါယမစနစ်အခြေပြု ကျေးလက်ဖွံ့ဖြိုးရေး (Cooperative based Rural Development – CBRD)အတွက် ပြုလုပ်သည့်သမဝါယမစနစ်စီးပွားရေး ပီပြင်စွာဖြစ်ပေါ်လာရေးနှင့် အစုအဖွဲ့စနစ်ဖြင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ စာတမ်းရှင် ခုနစ်ဦးက ရှင်းလင်းဆွေးနွေးကြပြီး ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းခေါင်းစဉ်အလိုက် ဦးစီးဌာနများက ဆွေးနွေးကြပြီး ဆွေးနွေးချက်ရလဒ်များအရ စနစ်ကျသော စိုက်ပျိုးရေးစနစ်ဖြစ်ရန်၊ သမဝါယမစနစ် ပီပြင်စွာဖြစ်ပေါ်လာရန်၊ သမဝါယမစနစ်ကိုအခြေခံသည့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခြင်းနှင့် Action Plan များ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တက်ရောက်အမှာစကားပြောကြားသည်။

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာအုပ်စု ဇောင်ချမ်းကုန်းကျေးရွာခန်းမ၌ သမဝါယမအသင်းသား တောင်သူများ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ကျေးရွာလူထု၏ စည်းလုံးညီညွတ်မှုအားဖြင့် ကျေးရွာဘက်စုံဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးပွား၍ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ သမဝါယမစနစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်ကျသောလုပ်ငန်းများဖြစ်စေရေးနှင့် အသင်းသားတောင်သူများ စိုက်ပျိုးသည့်သီးနှံအလိုက် လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရကလည်း အသင်းသားတောင်သူများ၏ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ပံ့ပိုးပေးလျက်ရှိသဖြင့် သီးထပ်သီးညှပ် ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။

ထို့ပြင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဝက်မွေးမြူရေးလုပ်ငန်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း RBF စီမံကိန်းရန်ပုံငွေဖြင့် အစုအဖွဲ့စနစ် ကျွဲမွေးမြူရေးလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် စက်ချုပ်သင်တန်း တက်ရောက်အောင်မြင်ပြီး တစ်နိုင်တစ်ပိုင်လုပ်ကိုင်နေသော ခိုင်မာစက်ချုပ်လုပ်ငန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထွက်ကုန်များရောင်းချမှု ကြည့်ရှုအားပေး

ဘားအံ ဩဂုတ် ၃

ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်လွင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၁ နာရီက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း(ဘားအံ)၌ ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထွက်ကုန် ရောင်းချမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးရာတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက စက်ရက်ကန်းစင် ပြင်ဆင်မှုအခြေအနေများ၊ ရက်ကန်းထည်ထုတ်လုပ်မှုအခြေအနေများ၊ ဒေသထွက်ပစ္စည်းအရောင်းဆိုင်၏ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကအထောက်အကူပြုနေသည့် ရက်ကန်းလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊ အရည်အသွေးမီ အထည်အလိပ်များ ထုတ်လုပ်နိုင်ရန်၊ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ ကုန်ကြမ်းရွေးချယ်မှု စနစ်တကျဆောင်ရွက်ရန်၊ ခေတ်မီဒီဇိုင်းဆန်းသစ်ပြီး ဈေးကွက်၏လိုအပ်ချက်နှင့် ကိုက်ညီမည့် ရိုးရာအထည်များနှင့် ခေတ်မီဒီဇိုင်းအသစ်များ တိုးတက်ထုတ်လုပ်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

○ ကျောဖုံးမှ

အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်၍ အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကာ အားကစားဝါသနာရှင် မိဘပြည်သူများ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

ထက်ဝေ(ပြန်/ဆက်)

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## သေမင်းတမန်မီးရထားလမ်းပြတိုက် အဆင့်မြှင့်တင်ခြင်း၊ ကလေးကစားကွင်း၊ ကော်ဖီဘားနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ ထည့်သွင်းဆောင်ရွက်သွားမည်

မော်လမြိုင် ဩဂုတ် ၃



တလမွန်ကုမ္ပဏီလီမိတက်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် သေမင်းတမန်မီးရထားလမ်းပြတိုက်အား အဆင့်မြှင့်တင်ခြင်း၊ ကလေးကစားကွင်း၊ ကော်ဖီဘားနှင့် အမှတ်တရလက်ဆောင်ပစ္စည်း ဆိုင်များ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သေမင်းတမန်မီးရထားလမ်း ပြတိုက်အား ကွင်းဆင်းကြည့်ရှုစဉ် တလမွန်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစဉ်ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အတွင်းရှိသေမင်းတမန်မီးရထားလမ်းပြတိုက်၊ ခနေသဟာယ စစ်သင်္ချိုင်း၊ စက်စဲကမ်းခြေစသည့် နေရာများကို တစ်ဆက်တည်း သွားရောက်လည်ပတ်မှုများရှိကြောင်း၊ ဒေသစီးပွားရေးနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူဖြစ်စေမည့် လမ်း၊ တံတား၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးစသည့် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်စေရန် ဦးစားပေးလိုအပ်ချက်နှင့်အညီ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ တာဝန်ယူဆောင်ရွက်သည့် ဌာနများ၊ ကုမ္ပဏီများ အနေဖြင့်သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့်ပြီးမြောက်အောင်မြင်ရေး စနစ်တကျကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြတိုက်အတွင်း ခင်းကျင်းပြသထားမှု၊ သံဖြူဇရပ်စစ်သင်္ချိုင်းအား ခနေသဟာယ စစ်သင်္ချိုင်းကော်မရှင်က တည်ဆောက် ထိန်းသိမ်းထားမှု၊ စက်စဲကမ်းခြေရှိ ဟိုတယ်၊ မိုတယ်များ၊ သံဖြူဇရပ်မြို့ အောင်ကုသိုလ်ရပ်ကွက်ရှိ ကျိုက်ရာမညဇိန ထိုင်တော်မူရုပ်ပွားတော် ကျောင်းဆောင်တန်ဆောင်း ဘက်စုံမွမ်းမံ ပြင်ဆင် ဆောင်ရွက်နေမှုနှင့် မော်လမြိုင်–ရေး–ထားဝယ်–မြိတ် လမ်းမိုင် (၃၂/၂-၃၂/၃)ရှိ အဘစ်တံတား အဆင့်မြှင့်တင်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၉) သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၃



စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၉)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)၊ ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်း အသီးသီးမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### တက်ရောက်

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၂၁၉)သို့ ဝန်ကြီးဌာနများနှင့် အစိုးရ အဖွဲ့အစည်းများမှ သင်တန်းသား ၁၆၅ ဦး၊ သင်တန်းသူ ၂၁၉ ဦး စုစုပေါင်း ၃၇၄ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဩဂုတ် ၃ ရက်မှ အောက်တိုဘာ ၉ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သပိတ်ကျင်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်နှင့် ထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်နှင့် ထောက်ပံ့ငွေများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ယနေ့ သွားရောက်ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့**

အဆိုပါဝန်ထမ်းများအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်အတူ သပိတ်ကျင်းမြို့ ရွှေဝါဝင်းခန်းမ၌ သွားရောက်တွေ့ဆုံ ထောက်ပံ့ခဲ့ခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံစဉ် သပိတ်ကျင်းမြို့နယ် ဒေသဖွံ့ဖြိုးရေး မြို့နယ်၏လိုအပ်ချက်များနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





## အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စာသင်ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

**လွိုင်ကော် ဩဂုတ် ၃**

ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သဇင်စာသင်ဆောင်နှင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာများကို အမြန်ဆုံးပြန်လည် ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာအသစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်သည်ယနေ့နံနက်ပိုင်းတွင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သဇင်စာသင်ဆောင် ပြုပြင်ဆောင်ရွက်နေမှု၊ ပြန်လည်ပြုပြင်ရန်လိုအပ်သည့် စာသင်ဆောင် ငါးဆောင်နှင့် အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိသံကူကွန်ကရစ် နှစ်ထပ် ကျောင်းဆောင်သစ်တည်ဆောက်မည့်နေရာကိုလည်းကောင်း၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ အကြီးစားပြုပြင်နေမှုနှင့် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ အသစ်တည်ဆောက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## GAP အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေး သန်လျင်မြို့နယ်၌ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် Star City ကြယ်စင်မြို့တော် အိမ်ရာဝင်းအတွင်း သန်လျင်အိမ်ရာ ဖွံ့ဖြိုးတိုးတက်မှု လီမိတက်မှ စိုက်ပျိုးထုတ်လုပ်သော ဟင်းသီးဟင်းရွက်စိုက်ခင်း သုံးကေ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ စိစစ်ထုတ်ပေးလျက်ရှိသော GAP အသိအမှတ်ပြု လက်မှတ်ရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး



ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်သည် သန်လျင်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါက်တာဝင်းသန်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးကျော်စိုးဝင်းတို့နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ စစ်ဆေးရာတွင် စိုက်ခင်းတာဝန်ခံက အာဟာရရည်ဖြင့် စိုက်ပျိုးထားသော ဆလတ်နှင့် ပလတ်စတစ်ရုံများဖြင့် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်များကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက စားသုံးသူများအတွက် ဘေးအန္တရာယ် ကင်းရှင်းပြီး အာဟာရဓာတ်ပြည့်ဝ၍ အရည်အသွေးကောင်းမွန်သော ဟင်းသီးဟင်းရွက်များအား GAP Guide Line များနှင့်အညီ စိုက်ပျိုးထုတ်လုပ်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**



## အိမ်မဲမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများအထိမ်းအမှတ် ဖွင့်ပွဲကျင်းပ

**အိမ်မဲ ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဆုဝေထွန်းက အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ဖွေးဖွေးသန့်စင်က အာဟာရအုပ်စုများအကြောင်းကို Power Point ဖြင့် ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မူယာစိုး၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့က နို့တိုက်မိခင်များအား တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် အာဟာရပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

## အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ထုတ်ပေး

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း)




မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော ရွှေလင်ဗန်းစက်မှုဇုန်ရှိ ရွှေငါးနိုင်လွန်ကြိုးစက်ရုံမှ အာမခံအလုပ်သမား ဦးအောင်ကျော်မင်း၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ပေးအပ်ခြင်းကို ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ တိုင်းဒေသကြီး တာဝန်ခံအရာရှိက အလုပ်ရှင်၊ အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်း၊ ကျန်ရစ်သူအကျိုးခံစားခွင့်အတွက် ခွင့်ပြုငွေကျပ် ၁၄၄၉၉၀၀၀ ကို ကျန်ရစ်သူ ဇနီး ဒေါ်ခိုင်မာဝင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွန်း(ပြန်/ဆက်)**

## ညောင်ဦးမြို့၌ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲကျင်းပ

**ညောင်ဦး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ညောင်ဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ဩဂုတ် ၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ညောင်ဦးခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းက ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချမည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်းပြသထားမှုကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၃ ရက်မှ ၁၄ ရက်အထိ ခရိုင်မီးသတ်ဦးစီးဌာနရုံးတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**



# လူငယ်များ လေ့လာဖတ်ရှုသင့်သော ကဗျာစာပေ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

(၁၈-၄-၂၀၂၆ ရက်နေ့မှအဆက်)

ဆရာကြီးမင်းသုဝဏ်သည် ၁၉၃၁ ခုနှစ် အသက် ၂၂ နှစ်အရွယ်ကစပြီး ကလေးကဗျာများကို ရေးဖွဲ့ခဲ့သည်။ ဆရာကြီးမင်းသုဝဏ် ကလေးကဗျာများကို မရေးဖွဲ့ခင်ကာလက မြန်မာကဗျာလောကတွင် ကလေးကဗျာ အလွန်ရှားပါးခဲ့သည်။ ရှေးလူကြီးများဖွဲ့ဆိုခဲ့သော ကလေးကဗျာ အနည်းငယ်သာရှိခဲ့သည်။ ထို့ကြောင့် ကလေးချစ်သော ဆရာကြီးမင်းသုဝဏ်က "မနက်စောစော ချိုးငှက်ကလေးတွေ ကူတာကို ကြားဖူးကြတယ်မဟုတ်လား။ မနက်ချိန်က နုနုပျိုပျို၊ ချိုးကူသံက သာသာယာယာ၊ ပျော်စရာမကောင်းဘူးလား။ ငါ့တူတို့၊ ငါ့တူမတို့အရွယ်ဟာ မနက်ချိန်လို နုနုပျိုပျိုပဲ။ ငါ့တူတို့၊ ငါ့တူမတို့အသံဟာလည်း ချိုးကူသံလို သာသာယာယာပဲ။ သည်တော့ မနက်ခင်း ချိုးကလေးကူသလို ကလေးတို့ကော တေးမဆိုချင်ကြဘူးလား။ ဆိုချင်ကြတယ်နော်။ အဲဒါကြောင့် ဦးလေးက ငါ့တူ၊ ငါ့တူမတို့ဖို့ သီချင်းတွေကိုရေးတာပဲ"ဟုဆိုပြီး "မောင်ခွေးဖို့" ကလေးကဗျာများကို ကလေးများ ပျော်ပျော်ပါးပါးဆိုရအောင် စတင်ရေးဖွဲ့ခဲ့သည်။ ဆရာကြီးမင်းသုဝဏ် ကလေးကဗျာများဖွဲ့ဆိုသည်ကို နှစ်သက်သည့်အတွက် အခြားကဗျာဆရာများကလည်း ကလေးကဗျာများကို ဝိုင်းဝန်းရေးဖွဲ့လာခဲ့ကြသည်။

"မောင်ခွေးဖို့" ကလေးကဗျာစာအုပ်တွင် ကဗျာ ၄၅ ပုဒ် ပါဝင်သည်။ ကဗျာဆရာကြီးမင်းသုဝဏ်၏ကျောင်းနေဖက် ပန်းချီဆရာကြီး ဦးဘကြည်၏ ချစ်စရာ ရောင်စုံသရုပ်ဖော်ပုံများလည်းပါရှိသည်။ ယင်းကဗျာများသည် ဖတ်ရဆိုရသည်မှာ အသံသာယာသည်။ ပြေပြစ်သည်။ စကားလုံးနှင့် အနက်အဓိပ္ပာယ်ကလည်းရှင်းသည်။ လွယ်သည်။ အကြောင်းအရာများကလည်း ကလေးများနှင့်နီးစပ်ပြီး ပျော်စရာလည်းကောင်းသည်။ စိတ်ကောင်းစိတ်မြတ်တွေကိုလည်း မွေးမြူပေးသည်။ ယင်းကဗျာများကိုဖတ်ရာက စိတ်ကို သန့်ရှင်းစင်ကြယ်စေသော သဘာဝအလှကို မြတ်နိုးစိတ်၊ တိရစ္ဆာန်လေးများကို ကြင်နာစိတ်၊ ကောင်းမြတ်သော ယဉ်ကျေးမှုဓလေ့ထုံးစံများကို ချစ်ခင်စိတ်၊ အားနည်းသူကို သနားစိတ်၊ ကိုယ့်ပတ်ဝန်းကျင်ကို သိချင်စိတ်၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကစပြီး လူသားအားလုံးကို ငဲ့ညှာစိတ်၊ အများအကျိုးကို ဆောင်ရွက်ချင်စိတ်စသော စိတ်ကောင်းစိတ်မြတ်များ ရရှိစေသည်။

**ကဗျာဖတ်ခြင်းသည် စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ကိုမြှင့်တင်ပေးပြီး စိတ်ဖိစီးမှုကိုလျှော့ကျစေကာ ရှုပ်ထွေးသောဘာသာစကားနှင့် ပုံရိပ်များကို စူးစမ်းလေ့လာခြင်းဖြင့် သိမြင်မှုဆိုင်ရာ လုပ်ဆောင်ချက်ကို မြှင့်တင်ပေးသည်။ ထို့ပြင် စာနာမှုကိုမြှင့်တင်ပေးပြီး ဝေါဟာရကို တိုးတက်ကောင်းမွန်စေကာ စိတ်ခံစားမှုများအတွက် ကုထုံးဆိုင်ရာ ထွက်ပေါက်တစ်ခုကိုပေးစွမ်း**

လူငယ်များအနေဖြင့် ကဗျာ၏အနက်အဓိပ္ပာယ်သဘောတရားကို သိရှိထားရန် လိုအပ်သည်။ စင်စစ်ကဗျာဆိုသည်မှာ စာပေအနုပညာပုံစံတစ်မျိုးဖြစ်ပြီး အလှအပ၊ စည်းချက်နှင့် မကြာခဏ ဥပစာစကားများကို အသုံးပြု၍ စိတ်ခံစားမှုများ သို့မဟုတ် အတွေးအခေါ်များကို နှိုးဆွပေးသည်။ ကဗျာ Poetry ဟူသောစကားလုံးသည် ဂရိစကားလုံး poiesis မှ ဆင်းသက်လာခြင်းဖြစ်သည်။

Coleridge (၁၇၇၂-၁၈၃၄) က ကဗျာဆိုသည်မှာ "အကောင်းဆုံးအစီအစဉ်အတိုင်း အကောင်းဆုံးစကားလုံးတွေနဲ့ ညီမျှတယ်"ဟု ဆိုခဲ့သည်။ သူက ကဗျာကို "စိတ်ကူးဉာဏ်ရဲ့အမည်ကို ကျွန်ုပ်တို့သီးသန့်အသုံးပြုခဲ့တဲ့ ပေါင်းစပ်ပြီး မှော်ဆန်တဲ့စွမ်းအား"အဖြစ် ဖော်ပြခဲ့သည်။ Wordsworth (၁၇၇၀-၁၈၅၀) က ကဗျာကို "စွမ်းအားကြီးမားတဲ့ ခံစားချက်တွေရဲ့ အလိုအလျောက်လျှံကျမှု..."ဟု ဖော်ညွှန်းခဲ့သည်။ ကောင်းမွန်သောကဗျာတစ်ပုဒ်သည် စကားလုံးများကို အံ့သြဖွယ်ကောင်းအောင် အသုံးပြုထားပြီး သီးခြားအခိုက်အတန့်များကို ဆန်းသစ်သောနည်းလမ်းဖြင့် ဖမ်းယူရန်အသုံးပြုသည်။ စာဖတ်သူအား ဝမ်းမြောက်စွာဖြင့် "ဟုတ်တယ်၊ ဒါပဲ။ မှန်တယ်"ဟု အော်ဟစ်စေသည့် နည်းလမ်းဖြင့် ကောင်းမွန်သောကဗျာတစ်ပုဒ်သည် ဒဿနိကဗေဒဆိုင်ရာမေးခွန်းများကိုလည်း မေးမြန်းနိုင်သည်။

ကဗျာနှင့်ပတ်သက်သော အဆိုအမိန့်များစွာ အနက် ထူးခြားသောအနက်အဓိပ္ပာယ်များကို ဖော်ပြလိုပါသည်။ အရစ္စတိုတယ်က ကဗျာကို စရိုက်၊ စိတ်ခံစားမှု သို့မဟုတ် လုပ်ဆောင်ချက်များမှတစ်ဆင့် ဘဝကိုကိုယ်စားပြုရန် သို့မဟုတ် ပုံတူကူးရန်ရှာဖွေသည့် 'တုပခြင်း၏ကြားခံ'အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

"ကဗျာဆိုတာ ဘာသာပြန်ခြင်းမှာ ပျောက်ဆုံးသွားတဲ့အရာပါ"ဟု ရောဘတ်ဖရော့စ်က ဆိုသည်။

"ကဗျာဆိုတာ လူသားက သူ့ရဲ့ကိုယ်ပိုင်အံ့သြမှုကို စူးစမ်းလေ့လာတဲ့ ဘာသာစကားပါ"ဟု ခရစ္စတိုဖာဖရိုင်းက ဖော်ပြသည်။

"ကဗျာဆိုတာ စာရေးဆရာရဲ့ စိတ်ကူးစိတ်သန်း၊ စိတ်ခံစားမှု၊ ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ အတွေ့အကြုံကိုဖော်ပြတဲ့ စကားလုံးတွေရဲ့စည်းချက်ညီတဲ့ပုံစံတစ်ခုဖြစ်ပြီး သူ့ရဲ့စာဖတ်သူ ဒါမှမဟုတ် နားထောင်သူရဲ့စိတ်ထဲမှာအလားတူအတွေ့အကြုံကို ဖန်တီးပေးပါတယ်"ဟု ကလိုက်ဗ်ဆန်ဆွန်က ရှင်းပြထားသည်။

"ကဗျာဆိုတာ စိတ်ခံစားမှုကို တိုင်းတာတာပါ" ဟု Thomas Hardy ကဆိုသည်။ "ကဗျာဆိုတာ စိတ်ကူးစိတ်သန်းနဲ့ စိတ်အားထက်သန်မှုတွေရဲ့ ဘာသာစကားပါ"ဟု William Hazlitt က ဖော်ညွှန်းသည်။

ကျွန်တော်တို့ ကဗျာစတင်ရေးစဉ်က သင့်ဘဝမဂ္ဂဇင်းတွင် သုံးကြောင်းကဗျာများ ရေးသားခဲ့သည်ကို အမှတ်ရသေးသည်။ ထိုစဉ်က ကဗျာအယ်ဒီတာမှာ ဆရာဓနုဖြူကျော်ထွန်း (ဆရာအိကြာကွေး) ဖြစ်သည်။ သုံးကြောင်းကဗျာများသည် စာကြောင်းသုံးကြောင်းတည်းဖြင့် အဓိပ္ပာယ်ထိမိပြီး ရသမြောက်အောင် စပ်ဆိုထားသည့် မြန်မာကဗျာအမျိုးအစားဖြစ်သည်။ များသောအားဖြင့် လေးလုံးစပ်ကို အခြေခံပြီး ၄-၃-၂ (သို့မဟုတ်) ၄-၄-၄ ကာရန်ယူနည်းများဖြင့် ချစ်ခြင်း၊ လွမ်းဆွတ်ခြင်း၊ သဘာဝအလှနှင့် ဘဝအသိများကို ဖော်ပြလေ့ရှိကြသည်။

ဥပမာ
(ကရုဏာ)
ခတ်ပုံထဲတွင်
မတ်ရပ်မြင်သော်
သခင်ညောင်းမှာစိုးမိတကား။

(မင်းယုဝေ)

(ညှော့သည်ကြီး)
ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ငါ့ကိုပြန်ပို့ကြပါလေ။

(တင်မိုး)

ထို့ကြောင့် လူငယ်များအနေဖြင့် ကဗျာဖတ်ခြင်းအကျိုးကျေးဇူးများကို သိရှိထားရန် လိုအပ်ပါသည်။ ကဗျာဖတ်ခြင်းသည် စိတ်ခံစားမှုဆိုင်ရာ ဉာဏ်ရည်ကိုမြှင့်တင်ပေးပြီး စိတ်ဖိစီးမှုကိုလျှော့ကျစေကာ ရှုပ်ထွေးသောဘာသာစကားနှင့် ပုံရိပ်များကို စူးစမ်းလေ့လာခြင်းဖြင့် သိမြင်မှုဆိုင်ရာ လုပ်ဆောင်ချက်ကို မြှင့်တင်ပေးသည်။ ထို့ပြင် စာနာမှုကို မြှင့်တင်ပေးပြီး ဝေါဟာရကို တိုးတက်ကောင်းမွန်စေကာ စိတ်ခံစားမှုများအတွက် ကုထုံးဆိုင်ရာ ထွက်ပေါက်တစ်ခုကို ပေးစွမ်းပြီး ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ခြင်းနှင့် အခြားသူများနှင့် ချိတ်ဆက်ခြင်း၏ တိကျသောပုံစံတစ်ခုအဖြစ် ဆောင်ရွက်ပေးသည်။ ၎င်းသည် တီထွင်ဖန်တီးနိုင်စွမ်းကိုလည်း လှုံ့ဆော်ပေးသည်၊ မှတ်ဉာဏ်ကို တိုးတက်ကောင်းမွန်စေပြီး စိတ်ပိုင်းဆိုင်ရာအပန်းဖြေမှုကိုလည်း ပေးစွမ်းသည်။

"ကဗျာဟာ ကျွန်ုပ်တို့ဖော်ပြလို့မရတဲ့ ခံစားချက်တွေကိုစကားလုံးတွေနဲ့ ဖော်ပြဖို့အားပေးပါတယ်"ဟု Wytovich က ဆိုသည်။ "ဒါက ကျွန်ုပ်တို့ရဲ့ကြောက်ရွံ့မှုတွေ၊ စိတ်အားထက်သန်မှုတွေ၊ ဝမ်းမြောက်မှုတွေနဲ့ အမှတ်တရတွေကို ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့၊ ဂုဏ်ပြုတဲ့နည်းလမ်းနဲ့ တခြားသူတွေလည်း အဲဒီအခိုက်အတန့်တွေမှာ အပြန်အလှန်ဆက်ဆံပြီး မျှဝေနိုင်အောင် ဖော်ပြနိုင်စေပါတယ်"ဟု သူက ဆိုသည်။

ကဗျာဖတ်ခြင်းသည် ကျောင်းသားလူငယ်များကို ပညာရေးဆိုင်ရာ တိုးတက်မှုရရှိစေသည်။ ကဗျာဖတ်ခြင်း၊ အထူးသဖြင့် ကဗျာကို အသံထွက်ဖတ်ခြင်း၏ အကျိုးသက်ရောက်မှုများကို ကမ္ဘာတစ်ဝန်းရှိ ပညာရေးပညာရှင်များက သုတေသနပြုခဲ့ကြသည်။ ကဗျာနှင့်ထိတွေ့ခြင်းသည် စာဖတ်သူများ၏ ဝေါဟာရနှင့် စကားလုံးများ၏အဓိပ္ပာယ်ကို နားလည်မှုတိုးစေသည်။ ထို့ကြောင့် ပညာရေးသင်ရိုးညွှန်းတမ်းတွင် ကဗျာကို ထည့်သွင်းခြင်းသည် လူတို့၏ဘာသာစကားကို နားလည်မှုကျယ်ပြန့်စေရန် အရေးကြီးပါသည်။ ကဗျာ သို့မဟုတ် အနုပညာကဲ့သို့သော ဖန်တီးမှုဆိုင်ရာ လုပ်ဆောင်ချက်များသည် သိပ္ပံ သို့မဟုတ် သင်္ချာကဲ့သို့သော အခြားလုပ်ဆောင်ချက်များအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိသည်ကို သုတေသနပြုရန် စိတ်ဝင်စားမှုတိုးပွားလာနေပါသည်။ ကဗျာများသည် ပုံမှန်စကားပြောဆိုမှုနှင့်မတူသောပုံစံနှင့် စိတ်ခံစားမှုများကိုဖော်ပြသည်။ ကဗျာဖတ်ခြင်းက လူငယ်များအား ကမ္ဘာကြီးကို နည်းလမ်းအသစ်နှင့်ကြည့်မြင်ဖို့ ကူညီပေးနိုင်မည်ဖြစ်သည်။ ပညာရေးနယ်ပယ်တွင် ကဗျာလည်းသင်၊ စာလည်းသင်ပြီး ကျောင်းသားလူငယ်များ ဘဝအားမာန်ရရှိကြစေရန် တင်ပြလိုက်ပါသည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ


မာတင်ဖဲ



လူတစ်ယောက်ဟာ တည်းခိုခန်းထဲကို သောကြာနေ့ပေါ်မှာ မြင်းစီးပြီး ဝင်လာတယ်။ အဲဒီမှာ သုံးရက်နေပြီးတဲ့နောက် သောကြာနေ့ပေါ်မှာပဲ မြင်းစီးထွက်သွားတယ်။ အဲဒါ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။

သောကြာနေ့ဆိုတာက သူ့မြင်းရဲ့ နာမည်လေ။

မတော်တဆ ထိခိုက်မှုတွေအပေါ် မတော်တဆ ဘယ်နေရာမှာ ဘယ်လို ဖြစ်တယ်၊ ဒရိုင်ဘာတွေ ဘယ်လို ပါဝင် ပတ်သက်နေတယ်ဆိုတဲ့ တချို့သတင်းတွေ သူတို့ ပို့တာ ဒီမှာရှိနေတယ်။




ကျွန်တော် တယ်လီဖုန်းတိုင်ထဲ ကားမောင်းသွားမိတုန်းက ကျွန်တော်ဟာ ယင်ကောင်တစ်ကောင်ကို သတ်ဖို့ ကြိုးစားနေခဲ့ပါတယ်ခင်ဗျ။




လမ်းဖြတ်ကူးတဲ့လူ တစ်ယောက်က ငါ့ကို ထိမိပြီးတဲ့နောက် ငါ့ကားအောက်ကို ဝင်သွားတာပဲ။

ဘယ်နေရာမှန်းမသိတဲ့ဆီက မမြင်ရတဲ့ ကားတစ်စီး၊ ငါ့ကား ကို ဝင်တိုက်ပြီး သဲလွန်စတစ်ခုတောင်မကျန်ဘဲ ပျောက်ကွယ် သွားတော့တယ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၇)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ



**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူနိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇) သင်တန်းဖွင့်ပွဲများ ပြုလုပ်သည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင် ပစ္စည်းများ ပေးအပ်ပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။



ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလို ကြားသိရပါသည်-

၁။ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂၇)က ကိုယ့်သဘော ကိုယ့်ဆန္ဒနဲ့ ဝင်ရောက်ခဲ့တာပါ။ ဒီပြည်သူ့စစ်မှုထမ်းဥပဒေကို ချမှတ်ထားတဲ့ အပေါ် နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်တဲ့အတွက် ဒီဥပဒေကို ချမှတ်ထားတယ်လို့ပဲ ထင်ပါတယ်။ အခုလို အခြေခံစစ်ပညာတွေကို လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် ကျွန်တော်တို့ ကိုယ်တိုင်အတွက်ရော မိသားစုအတွက်ရော တိုင်းပြည်အတွက်ရော ကာကွယ်နိုင်မယ်လို့ ထင်ပါတယ်။ သင်တန်းကာလမှာ ဆရာတွေသင်ပေးတဲ့ သင်ခန်းစာမှန်သမျှကို အကောင်းမွန်ဆုံး လေ့ကျင့်လိုက်နာပြီးတော့ ကိုယ့်အပေါင်းအသင်း သူငယ်ချင်းတွေနဲ့ တန်းတူညီတူ အကုန်လုံးဖြစ်အောင် အကောင်းဆုံးလိုက်နာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ “ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်”ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျွန်တော်ကတော့ အဲဒီလိုမျိုး စိတ်ဓာတ်ခံယူပြီးတော့ ဆောင်ရွက်သွားမှာပါ။



၂။ ကျွန်တော် စစ်သားတစ်ယောက်ဖြစ်ချင်လို့ပါ။ ကိုယ့်ခံယူချက်နဲ့ ကိုယ့်ဘာသာ ဝင်လာတာပါ။ ကျွန်တော့် အစ်ကိုလည်း ရှေ့အပတ်စဉ်တုန်းက ဝင်သွားတာရှိတယ်။ စစ်မှုထမ်းဖို့ ကျွန်တော်တို့ကို လူခေါ်တယ်။ ဒါကြီးကို ရှောင်လွှဲနေလည်း အချိန်တန်ရင် ကိုယ့်အလှည့် ကျလာမှာပဲ။ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ့်ဘာသာ ဝင်လိုက်တာက အကောင်းဆုံးပဲ ထင်တယ်။ အဲဒါကြောင့်မို့ ကျွန်တော်ဝင်ဖြစ်တာပါ။ နောက်လာမယ့် အပတ်စဉ်က ညီအစ်ကိုတွေလည်း လာခဲ့ပါ။ ဘာမှ မကြောက်ပါနဲ့။ အဲဒါပဲပြောချင်ပါတယ်။



၃။ ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ကနေ လာရောက်ပြီး စစ်မှုထမ်းဆောင်တာ ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း စိတ်ပါလို့ လာရောက် တက်ရောက်တာပါ။ ဆရာတွေ သင်ကြားပို့ချပေးတာတွေကို သေချာအကောင်းဆုံး လိုက်နာမှာပါ။ အမေကတော့ အကောင်းဆုံး ကြိုးစားဖို့။ သင်တန်း သုံးလမှာ ဆရာတွေရဲ့ စကားကိုလည်း နားထောင်ဖို့ မှာတယ်။ အဖေက စစ်သားပါ။ အဖေကလည်း မှာတယ်။ စစ်သားလုပ်ရင် အမိန့်ကိုနာခံပါ။ နောက်ထပ်ဝင်ဖို့ရှိတဲ့ ညီအစ်ကိုတွေကို ကြိုဆိုပါတယ်။ ဒီမှာ တော်တော်ကောင်းပါတယ်။

**သတင်းစဉ်**



## ကွန်ဟိန်းမြို့၌ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအားတက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပျဉ်းမနားမြို့နယ်၌ အခြေခံမီးသတ်သင်တန်းဖွင့်

**ပျဉ်းမနား ဩဂုတ် ၃**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်မီးသတ်စခန်း၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် အခြေခံမီးသတ်သင်တန်းအမှတ်စဉ် (၂/၂၀၂၆)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်မီးသတ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် အခြေခံမီးသတ်သင်တန်းသို့ သင်တန်းသား ၈၀ တက်ရောက်လျက်ရှိပြီး သင်တန်းတွင် မီးငြိမ်းသတ်ရေးပညာရပ်နှင့် အခြေခံလက်နက်မဲ့စစ်ရေးပြသင်ခန်းစာများကို ဩဂုတ် ၃ ရက်မှ ၂၈ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေ များအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



## အသက် ၁၀၃ နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

မြစ်ကြီးနား ဩဂုတ် ၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ တပ်သားဒေါင်လွမ်း (အငြိမ်းစား)အား မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ယနေ့နံနက်ပိုင်းတွင် အသက် ၁၀၃ နှစ် ပြည့် ဂါရဝပြု ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အခမ်းအနားတွင် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက အသက် ၁၀၃ နှစ်ပြည့် တပ်သားဒေါင်လွမ်း (အငြိမ်းစား)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ် ကချင်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ပုသိမ် ဩဂုတ် ၃

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဒေါင့်ကြီး ကျေးရွာကျောင်းတိုက် ဓမ္မာရုံ၊ ညောင်ဝိုင်းကျေးရွာနှင့် ပေါက်ကုန်း ကျေးရွာ ကျောင်းတိုက်တို့မှ ရေဘေးသင့် ပြည်သူများအား ဆန်ရိက္ခာ၊ ဆေးဝါးနှင့် အခြေခံ စားသောက်ကုန် ပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီး အစိုးရ အဖွဲ့က ယနေ့သွားရောက် ထောက်ပံ့ပေးအပ်သည်။

### ဖြည့်ဆည်းဆောင်ရွက်

ရေဘေးသင့် ပြည်သူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် အနောက် တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ လွှတ်တော် ကိုယ်စားလှယ်များ နှင့်အတူ သွားရောက်တွေ့ဆုံ ထောက်ပံ့ပေးခဲ့ပြီး ရေဘေးသင့် ပြည်သူများ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပြည်သူများကို တွေ့ဆုံ အားပေးစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေး အသိပညာများကို ဆွေးနွေးပြောကြားကြသည်။




ထို့ပြင် ဝန်ကြီး၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေကျော်စီးဝင်သည့် ပန်းတာကို ရှေ့ဘက်တာဟောင်းမှ ရေလမ်းကြောင်းထိန်း တုတ်တန်း အပြီးသတ် ဆောင်ရွက်ပြီးစီးမှု၊ ပန်းတာ ရေဝင်ပေါက်ရေကာ တုတ်တန်း လက်ဝဲ/ လက်ယာ စတင် ဆောင်ရွက်နေမှု၊ ပစ္စည်းများ စုဆောင်းထားရှိမှု၊ ရေနက်စီးကြောင်း ပိတ်ဆို့ဟန့်တားရန်အတွက် Geo Bag အိတ်များ ချုပ်လုပ်ပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရပ်ကွက်များ၊ ကျေးရွာအုပ်စုများအတွင်း ရေစတင်ဝင်ရောက်ချိန်မှ စတင်ကာ ရေဘေးသင့် ပြည်သူများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိသည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပရဟိတအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များကလည်း ကွပ်ကဲရေးရုံးများနှင့် ချိတ်ဆက်၍ ထောက်ပံ့ပစ္စည်းများကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၃

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝေန်မြစ် ရေကာတာကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ်ရပ်ကွက်ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၁ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးသင့် ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများ စုပေါင်း၍ ရေဘေးသင့် ပြည်သူများအား ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့် ပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန၌ ကျန်းမာရေးဆိုင်ရာ ဇီဝထုတ်ကုန် နည်းပညာများလွှဲပြောင်းပွဲ ကျင်းပ

ကျောက်ဆည် ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ကျန်းမာရေးဆိုင်ရာ ဇီဝထုတ်ကုန်များအတွက် နည်းပညာများလွှဲပြောင်းပေးအပ်ပွဲကို ဇီဝနည်းပညာသုတေသနဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က နည်းပညာလက်ခံယူမည့် လုပ်ငန်းရှင်များအနေဖြင့် လွှဲပြောင်းပေးအပ်လိုက်သည့် နည်းပညာများမှတစ်ဆင့် ပြည်တွင်း သုတေသနရလဒ်များကို အောင်မြင်စွာအသုံးချပြီး နိုင်ငံတော်၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော ရလဒ်များ ပိုမိုပေါ်ထွက်လာအောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်ပြီး ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ) ဒေါက်တာ အေးအေးခိုင်က ဇီဝထုတ်ကုန် နည်းပညာများ လွှဲပြောင်းခြင်းအတွက် သုတေသနပြုထုတ်လုပ်ထားသော သဘာဝအရင်းအမြစ်အခြေပြု အရည်အသွေးမြှင့် ထုတ်ကုန်ငါးမျိုးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ထွန်းရွှေဝါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းသို့ နည်းပညာများလွှဲပြောင်းပေးအပ်သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ မြန်မာနိုင်ငံ၏ ဆေးဘက်ဝင်အပင်များနှင့် သဘာဝသယံဇာတ အရင်းအမြစ်များကိုအခြေခံပြီး သိပ္ပံနည်းကျ သုတေသနပြု ဖော်ထုတ်ထားသည့် သဘာဝဖြည့်စွက်စာများ၊ အဆစ်အမြစ်အရောင်ကျလိမ်းဆေးနှင့် Bamboo Vinegar Scrub Soap အပါအဝင် အရည်အသွေးမြှင့် သဘာဝထုတ်ကုန်နည်းပညာငါးမျိုးကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

## မြောက်ဥက္ကလာပမြို့နယ် ဝဇီယာ- သုနန္ဒာ ရောင်းဝယ်ရေး သမဝါယမအသင်းအရပ်ရပ်ဆိုင်ရာ စည်းဝေး

ရန်ကုန် ဩဂုတ် ၃

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ဝဇီယာ- သုနန္ဒာ ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်နေ့ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့က (စ)ရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချစ်ကိုကိုဦးက အသင်းများအနေဖြင့် သမဝါယမအသင်း ဥပဒေအရ အမှုဆောင်ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို အသင်းတာဝန်ခံ ဒေါ်သင်းသင်းဆွေက ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်များ ရယူသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းသား ၂၆ ဦး တက်ရောက်ပြီး အစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)



# အာရှအနောက်ပိုင်းဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အီရန်၊ ဆော်ဒီနှင့် ပါကစ္စတန် အမြင်ချင်းဖလှယ်ဆွေးနွေး

**တီဟီရန် ဩဂုတ် ၃**

အာရှအနောက်ပိုင်းဒေသ တည်ငြိမ်ရေးနှင့်လုံခြုံရေး ထိန်းသိမ်းရေးအတွက် သံတမန်ဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များ၏ နောက်ဆုံးရလဒ်များနှင့် ပတ်သက်၍ အီရန်က ဆော်ဒီအာရေးဗျ၊ ပါကစ္စတန်နိုင်ငံများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဩဂုတ် ၃ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ်အေရာချီသည် ဆော်ဒီအာရေးဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမင်းသား ဖေဇယ်ဘင်ဖာရန်အယ်လ်ဆာဒ်၊ ပါကစ္စတန်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆိုင်ယဒ်အာဆင်းမူနီရ်တို့နှင့် အဆိုပါကိစ္စရပ်များအပေါ် ဖုန်းဖြင့်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

၎င်းဒေသအရေး ဆောင်ရွက်ရာတွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံရေးအရအဖြေရှာမှုများမှ ရရှိလာသည့် စွမ်းရည်များကို သုံးစွဲရန်လိုအပ်ကြောင်း အထက်ပါသုံးနိုင်ငံစလုံးမှ တာဝန်ရှိသူများက ပြောကြားသည်။

ဆွေးနွေးမှုများအတွင်း အမေရိကန်နိုင်ငံအား မည်သည့်စွန့်စားမှုမျိုးမှ မပြုလုပ်ရန်နှင့် အီရန်အနေဖြင့် ၎င်း၏ အချုပ်အခြာအာဏာ၊ ပိုင်နက်နယ်မြေပိုင်ဆိုင်မှုနှင့် နိုင်ငံ၏ လုံခြုံရေးတို့အတွက် ကာကွယ်စောင့်ရှောက်ရန် အသင့်ပြင်ထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက သတိပေးပြောကြားသည်။ အစ္စရေးနှင့် အမေရိကန်အပါအဝင် အီရန်အားတိုက်ခိုက်လာမည့် ဒေသတွင်း မည်သည့်နိုင်ငံကိုမဆို အီရန်တပ်ဖွဲ့က တုံ့ပြန်တိုက်ခိုက်မည်ဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခိုက်မှုများကို စွန့်စားသည့်နည်းလမ်းဖြင့် ဆောင်ရွက်လာပါက ထိုအစီအစဉ်များကို စီစဉ်ဆောင်ရွက်သည့် မည်သူ့တွင်မဆို တာဝန်ရှိကြောင်း ၎င်းကပြောကြားသည်။ မကြာမီက လက်မှတ်ရေးထိုးခဲ့သည့် ငြိမ်းချမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအတိုင်း အမေရိကန်က လိုက်နာဆောင်ရွက်ရန် အီရန်က ဖိအားပေးမည်ဟု အီရန်သမ္မတ မာဆော့ပါဇက်ကီရန်က လူမှုမီဒီယာ အိက်စ်တွင် ပြောကြားသည်။ အဆိုပါ



စာချွန်လွှာသည် အနာဂတ်ကာလအီရန်နိုင်ငံပြည်ပဆက်ဆံရေး၏ အဓိကဗဟိုချက်ဖြစ်လာမည်ဖြစ်ကြောင်းနှင့် အီရန်၊ အီရန်၏ မဟာမိတ်များနှင့် အနောက်အာရှဒေသများ၏ လုံခြုံရေးသည် အဆိုပါနားလည်မှု စာချွန်လွှာအရ ကောင်းစွာရှိနေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ၂၀၃၀ ပြည့်နှစ်တွင် ရုပ်ကြွင်းမဟုတ်သည့် စွမ်းအင်ထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်းရရှိရန် တရုတ်နိုင်ငံ ရည်မှန်း

**ပေကျင်း ဩဂုတ် ၃**

တရုတ်နိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လွှတ်သုံးစွဲမှုကို ရုပ်ကြွင်းလောင်စာမဟုတ်သည့် စွမ်းအင်အရင်းအမြစ်များမှ ၅၀ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲရန်ရည်ရွယ်ထားကြောင်း သိရသည်။



၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ချမှတ်ထားသည့် အမျိုးသားလျှပ်စစ်ဓာတ်အားကဏ္ဍ ဖွံ့ဖြိုးရေးအစီအမံအရ ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်သည်။

၎င်းအစီအစဉ်အရ တရုတ်နိုင်ငံသည် အမျိုးသားဓာတ်အားလိုင်းထဲသို့ ကီလိုဝပ် ၂ ဒသမ ၈ ဘီလီယံကျော်ရှိသော လျှပ်စစ်ဓာတ်အားကို ပေါင်းစပ်နိုင်စေရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ကား သန်း ၁၁၀ ကျော်ကို ပံ့ပိုးပေးနိုင်သည့် အားသွင်းအခြေခံ အဆောက်အအုံ ကွန်ရက်တစ်ခုတည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါ ရည်မှန်းချက်များအောင်မြင်စေရေးအတွက် စိမ်းလန်းပြီး ကာဗွန်နည်းပါးသော ဓာတ်အားထောက်ပံ့မှုများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ခံနိုင်ရည်အားရှိသည့် လျှပ်ဓာတ်အားလိုင်းတစ်ခုတည်ဆောက်ခြင်း၊ ဓာတ်အားစနစ်၏ ပြောင်းလွယ်ပြင်လွယ်ရှိမှုကို မြှင့်တင်ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အားထောက်ပံ့မှုကို မြှင့်တင်ခြင်း၊ ဈေးကွက်ကို အခြေခံသော ဓာတ်အားကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို မြှင့်တင်ခြင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ရေအားလျှပ်စစ်ထုတ်ယူရေးစီမံကိန်းများအား သိပ္ပံနည်းကျမြှင့်တင်ပြီး နျူကလီးယား စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် ရုပ်ကြွင်းလောင်စာမဟုတ်သည့် စွမ်းအင်အရင်းအမြစ်များမြှင့်တင်ရေးနှင့် ကျောက်မီးသွေး စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးရုံများတွင် ကာဗွန်စွမ်းရည်မြှင့်တင်ရေးတို့ကို ယခုအစီအစဉ်အရ ဆောင်ရွက်မည်ဖြစ်သည်။

၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် သမားရိုးကျရေအားလျှပ်စစ်ထုတ်လွှတ်ရေးစွမ်းရည်ကို ကီလိုဝပ်သန်း ၄၁၀ ခန့်၊ နျူကလီးယားစွမ်းအင် စွမ်းရည်ကို ကီလိုဝပ်သန်း ၁၁၀ ခန့်နှင့် ဇီဝလောင်စာ၊ နေရောင်ခြည်စွမ်းအင်၊ မြေအောက်အပူစွမ်းအင်နှင့် သမုဒ္ဒရာစွမ်းအင်ပေါင်းစပ်စွမ်းရည်ကို ကီလိုဝပ်သန်း ၆၅ သန်းခန့်အထိ မြှင့်တင်ရန် စီစဉ်ဆောင်ရွက်နေသည်။

၂၀၂၆ ခုနှစ် ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံ၏ စုစုပေါင်းလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၄၉ ဒသမ ၇ ရာခိုင်နှုန်းကို ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားက ထောက်ပံ့ပေးခဲ့ကြောင်း အစောပိုင်း တရားဝင် အချက်အလက်များက ပြသခဲ့ပြီး ၎င်းပမာဏသည် ၅၀ ရာခိုင်နှုန်းအောက်သို့ ပထမဆုံးအကြိမ် ကျဆင်းသွားခြင်းဖြစ်ကာ အဆိုပါအချက်သည် နိုင်ငံ၏ စိမ်းလန်းပြီး ကာဗွန်နည်းပါးသော စွမ်းအင်စနစ်သို့ ကူးပြောင်းရာတွင် မှတ်တိုင်သစ်တစ်ခုလည်းဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၃၀ မတိုင်မီ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို အမြင့်ဆုံးအဆင့်သို့ရောက်ရှိစေရန်နှင့် ၂၀၆၀ မတိုင်မီ ကာဗွန်ကင်းစင်ရန် ကတိပြုထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်တွင် မိုးရွာသွန်းမှုကြောင့် အနည်းဆုံး ၁၅ ဦး သေဆုံး

**နယူးဒေလီ ဩဂုတ် ၃**

အိန္ဒိယနိုင်ငံ တောင်ပိုင်း ကီရာလာပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် အနည်းဆုံး လူ ၁၅ ဦး သေဆုံးပြီး ခုနစ်ဦး ပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများက ဩဂုတ် ၃ ရက်တွင် ပြောကြားသည်။



ပြည်နယ်အတွင်း ရေကြီးရေလျှံမှုအခြေအနေကို ပြန်လည်သုံးသပ်ပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ကီရာလာပြည်နယ်ဝန်ကြီးချုပ် ဗွီဒီဆာသာဆန်က အထက်ပါအတိုင်း ပြောကြားခဲ့သည်။

"ကီရာလာပြည်နယ် တစ်ဝန်း မိုးရွာသွန်းမှုနှင့် ဆက်စပ်သော ဖြစ်ရပ်များတွင် သေဆုံးသူဦးရေသည် ၁၅ ဦးအထိ မြင့်တက်လာပြီး ခုနစ်ဦး ပျောက်ဆုံးနေဆဲဖြစ်သည်"ဟု၎င်းကပြောကြားခဲ့သည်။ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေချိန်တွင် ဒေသန္တရအစိုးရသည် ကယ်ဆယ်ရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို မြှင့်တင် ဆောင်ရွက်ခဲ့သည်။

တရားဝင်အချက်အလက်များအရ မိုးနှင့် ရေကြီးရေလျှံမှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်နေသူ ၁၁၀၁၈ ဦးကို ပြည်နယ်တစ်ဝန်းတွင် တည်ထောင်ထားသော ကယ်ဆယ်ရေးစခန်း ၃၁၆ ခုတွင် နေရာချထားပေးခဲ့သည်။ ဩဂုတ် ၃ ရက်နှင့် ၆ ရက်တွင် ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမည်ဖြစ်ပြီး တစ်နာရီလျှင် ၄၀-၅၀ ကီလိုမီတာနှုန်းဖြင့် လေပြင်းတိုက်ခတ်မည်ဟု အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းထားသည်။

တစ်နာရီလျှင် ၆၀ ကီလိုမီတာအထိရှိသည့် လေပြင်းတိုက်ခတ်မှုနှင့် ပင်လယ်ရေလှိုင်းထန်မှုများ ဖြစ်နိုင်ခြေကြောင့် ကီရာလာ-ကာနာတာကာ - လက်ရှဒ်ဝီး ကမ်းရိုးတန်းသို့ မသွားရန် ငါးဖမ်းသမားများကို တာဝန်ရှိသူများက အကြံပြုထားသည်။ အိန္ဒိယအမျိုးသား သမုဒ္ဒရာသတင်းအချက်အလက် ဝန်ဆောင်မှုစင်တာသည် မြောက်ပိုင်းကီရာလာ ကမ်းရိုးတန်းတစ်လျှောက်တွင် ၂ ဒသမ ၇ မှ ၃ ဒသမ ၅ မီတာအထိရှိသော လှိုင်းကြီးများ ရှိနိုင်ကြောင်း သတိပေးထားပြီး တံငါသည်များနှင့် ကမ်းရိုးတန်းနေထိုင်သူများအား သတိရှိရှိနေထိုင်ရန် အကြံပြုထားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# လာအိုနိုင်ငံ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက်

**ဗီယင်ကျန်း ဩဂုတ် ၃**

လာအိုနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အစွမ်းထက်ထိရောက်သည့် မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် နိုင်ငံအတွင်းရှိ အစိုးရဌာနများနှင့် လူမှုအသိုင်းအဝိုင်းများအကြား ခိုင်မာစွာပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ဇူလိုင် ၃၀ ရက်တွင် ကျရောက်သည့် ကမ္ဘာ့လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး ခမ်ဖန်ပွန်မသက်က ပြောကြားသည်။ လာအိုအစိုးရနှင့် အမျိုးသားအဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကော်မတီတို့အနေဖြင့် သက်ဆိုင်ရာကဏ္ဍများအား တာဝန်များပေးအပ်ထားပြီး လူမှုအသိုင်းအဝိုင်းများကိုလည်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်ရန် ပန်ကြားခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း နိုင်ငံသားများအား လူကုန်ကူးသူများ၏ သားကောင်များမဖြစ်စေရေးအတွက် မီဒီယာပလက်ဖောင်းများမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကာ ဖျော်ဖြေရေးလုပ်ငန်းများကိုလည်း ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေးမည်ဟု သိရသည်။

တစ်နိုင်ငံလုံးရှိ ရဲတပ်ဖွဲ့ဝင်များနှင့် နယ်စပ်တာဝန်ရှိသူများသည် နယ်စပ်ထိန်းချုပ်မှုများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး နယ်စပ်ဝင်ထွက်မှုဆောင်ရွက်ချက်များကို တင်းကျပ်စွာစောင့်ကြည့်ကာ တရားမဝင်ဆောင်ရွက်သည့် အိမ်ထောင်ပြုရေးလုပ်ငန်းဆိုင်ရာ ပွဲစားကွန်ရက်များကို ဖြိုခွင်းမည်ဖြစ်ပြီး တရားမဝင်ရွှေ့ပြောင်းလုပ်သားများကိုလည်း အရေးယူဆောင်ရွက်မည်ဟု သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ကျောက်ခတ်ဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့သူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ မြန်မာ-ထိုင်းနယ်စပ်သို့ မော်တော်ယာဉ်များဖြင့်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော် စစ်ကြောင်းများသည် ကျောက်ခတ်ဒေသအတွင်း နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်စဉ် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား အခကြေးငွေရယူ၍ အကာအကွယ်ပေးထားသည့် KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၆၂၀၊ အမျိုးသမီး ၁၁ ဦး၊ ထိုင်းနိုင်ငံသား အမျိုးသမီး သုံးဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၁၁၁ ဦး စုစုပေါင်း ၇၇၇ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် star link ဗန်း တစ်ခု၊ ကွန်ပျူတာမျိုးစုံ ၈၅ လုံး၊ ဖုန်းမျိုးစုံ ၁၈၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား မြဝတီမြို့သို့ ပို့ဆောင်ပြီး ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက် ရှိကြောင်းနှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကာ သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၂၁၀ ခန့်အား ဇူလိုင် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ နေရပ်ပြန်နိုင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေများ ရယူကာ မော်တော်ယာဉ်များဖြင့် တင်ဆောင်ပြီး ကျောက်ခတ်-ဝေါလေ လမ်းကြောင်းအတိုင်း ဝေါလေ၏ အနောက်တောင်ဘက် မီတာ ၂၆၀၀ ခန့်အကွာ မြန်မာ-ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် မြန်မာ-ထိုင်းနယ်စပ်အား ဖြတ်သန်း၍ ထိုင်းနိုင်ငံဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ကျောက်ခတ်ဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေရယူ၍ မြန်မာ- ထိုင်းနယ်စပ်သို့ ပို့ဆောင်ပေးခဲ့မှုပြပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာဝန်းကျင်၌ တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်နေကြသူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင် ရွှေ့ပြောင်းပို့ဆောင်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာဝန်းကျင်၌ တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်နေကြသူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင် ရွှေ့ပြောင်းပို့ဆောင်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။



ကရင်ပြည်နယ် မြဝတီမြို့နယ် ကျောက်ခတ်ကျေးရွာဝန်းကျင်၌ တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်နေကြသူများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က အခကြေးငွေယူ၍ တရားမဝင်ရွှေ့ပြောင်းပို့ဆောင်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။

# အမျိုးသမီးများကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဩဂုတ် ၃**

အမျိုးသမီးများကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်နေ မ---- ၂၅ နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နေ မ---- ၂၃ နှစ်တို့သည် လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်သွားရောက်လျှောက်ထားစဉ် ၎င်းတို့နှစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက်နေ ခင်သီတာပြုံး (ခ) မသီတာက တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ခန့်ရရှိမည်၊ တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံရှိ ခင်ပိုပိုသက်နှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၂၈ ရက်တွင် မရမ်းကုန်းခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ခင်သီတာပြုံး(ခ)သီတာအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ခင်ပိုပိုသက်အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မန္တလေးမြို့ ရဲမွန်တောင်ရပ်ကွက်ရှိ ပန်းပျိုးခင်း KTV တွင် အလုပ်လုပ်ကိုင်နေသူ မ---- ၃၁ နှစ်အား ၎င်းနှင့် ခင်မင်ရင်းနှီးသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရှမ်းလေးကျွန်းအရှေ့ကျေးရွာနေ အေးမာက တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်လိုက အဆက်အသွယ်ရှိကြောင်း၊ တစ်နှစ်လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ၁၀(၂) ရပ်ကွက်နေ ကျော်လှိုင်(ခ) အားလှိုင်ထံ ဖုန်းဖြင့် ဆက်သွယ်၍ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း စိစစ်သိရှိရသဖြင့် အမှတ်(၉) မြို့မရဲစခန်းက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇူလိုင် ၃၀ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ ဖမ်းမိတရားခံ အေးမာအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ကျော်လှိုင်(ခ) အားလှိုင်အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်(လေ)မှ တိုက်ခိုက်ရေး လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ငှက်တစ်ကောင်နှင့် တိုက်မှုဖြစ်ပွားခဲ့ပြီး မတော်တဆမှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ယနေ့နံနက် ၅ နာရီ ၁၆ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၏ အရှေ့တောင်ဘက် မီတာ ၈၅၀၀ ခန့်အကွာ ညောင်နှစ်ပင်ကျေးရွာအနီးသို့အရောက် ငှက်တစ်ကောင်နှင့် တိုက်မှု(Bird Strike)ဖြစ်ပွားပြီး အင်ဂျင်ခန်းအတွင်းသို့ ဝင်ရောက်သဖြင့် အင်ဂျင်မီးလောင်မှုဖြစ်ပွားခဲ့ရာ လေယာဉ်မှူးအနေဖြင့် လေယာဉ်၏ အနေအထားကို လူနေအိမ်ရှင်းသည့် အရပ်မျက်နှာဘက်သို့ လှည့်၍ Eject ပြုလုပ်၍ ခုန်ထွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ပျက်ကျခဲ့သည့် နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်စဉ်တွင် လေယာဉ်ပေါ်၌ လိုက်ပါလာသည့် လေယာဉ်အမှုထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက် PDF တွေရဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုတွေကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ များစွာထိခိုက်ဆုံးရှုံးနေ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးလုပ်ရင်းနဲ့ ဓားပြဖြစ်လာကြသော စကားဝါမြေမှအညာ PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**


ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်


# သဖန်းဆိပ်ရေလှောင်တမံမှ ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ တန့်ဆည်ခရိုင်၊ စစ်ကိုင်းခရိုင်တို့ရှိ မြို့နယ်များအတွင်း စိုက်ပျိုးလျက်ရှိသည့် နွေ၊ မိုး၊ ဆောင်းသီးနှံစိုက်ခင်းများ စိုက်ပျိုးရေပေးဝေ

မုံရွာ ဩဂုတ် ၃

ကွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံသည် ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ တန့်ဆည်ခရိုင်၊ စစ်ကိုင်းခရိုင်တို့ရှိ မြို့နယ်များတွင် စိုက်ပျိုးလျက်ရှိသည့် နွေ၊ မိုး၊ ဆောင်း သီးနှံစိုက်ခင်းများကို စိုက်ပျိုးရေ ပေးဝေနေသည့် ရေလှောင်တမံဖြစ်ပြီး အဆိုပါရေလှောင်တမံ၌ ရေဝင်ရောက်မှုအခြေအနေ၊ ရေထိန်းတမံများ၊ ရေပိုလွှဲများ ကြံ့ခိုင်မှုအခြေအနေများနှင့် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ယမန်နေ့ မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး တောင်သူများအတွက် စိုက်ပျိုးရေ အပြည့်အဝရရှိရေးနှင့် စနစ်တကျ အကျိုးရှိစွာသုံးစွဲသွားရေး မှာကြားသည်။

ထို့ပြင် ကွန်းလှ-သဖန်းဆိပ်ကားလမ်းဘေးဝဲ/ယာရှိ ဒေသခံတောင်သူများ စိုက်ပျိုးထားရှိသည့် မြေပဲ၊ ပြောင်း၊ ပဲစင်ငုံနှင့် မိုးစပါးများ စိုက်ပျိုးထားရှိမှု၊ ကွန်းလှမြို့ တပ်ကုန်းကျေးရွာရှိ တောင်သူဦးမင်းပိုင်၏ ရောမင်း နှစ်ဧကအတွင်း ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ တွဲဖက်အသုံးပြုခြင်းနှင့် တမန်းနိုးခြင်း ကွင်းသရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးသည်။



ထို့နောက် ကွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ကွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်ဆေးရုံအုပ်ကြီးတို့ထံ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မင်းဘူး(စကု)မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပေးအပ်ပွဲ ကျင်းပ

မင်းဘူး ဩဂုတ် ၃

နိုင်ငံတော်သမ္မတက မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် လှူဒါန်းသော စာအုပ်စာစောင်များ ထပ်ဆင့်လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများက စာကြည့်တိုက် ၁၃ တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ထပ်ဆင့်လှူဒါန်းပေးအပ်သည်။

ထိုသို့လှူဒါန်းရာတွင် နိုင်ငံတော်သမ္မတက မင်းဘူးဒေသခရီးစဉ်တွင် ယနေ့ခေတ်ကျောင်းသားလူငယ်များ စာအုပ်စာပေများကို ဖတ်ရှုလေ့လာနိုင်စေရန်နှင့် စာပေဖတ်ရှုခြင်းအားဖြင့် အသိဉာဏ်ပညာဗဟုသုတများ တိုးတက်လာစေရန် ကျောင်းစာကြည့်တိုက်များ အပါအဝင် မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်ပေါင်း ၁၀၀၀ ကျော်ကို လှူဒါန်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် စာကြည့်တိုက် ၁၃ တိုက်အတွက် ညီတူညီမျှခွဲဝေ၍ တာဝန်ရှိသူများထံ ထပ်ဆင့်လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရန်ပုံငွေသို့ အလှူငွေများ ပေးအပ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၃

၁၉၉၄ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ယခု(ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု) ချီးမြှင့်ပွဲ အခမ်းအနားကို ယခုနှစ် ဩဂုတ်လ ဒုတိယပတ်တွင် (၃၂)ကြိမ်မြောက်အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်ရာ ပခုက္ကူတစ်သက်တာစာပေဆုရရှိသူ စာရေးဆရာကြီး နှစ်ဦးအပါအဝင် ဆုရရှိသူစုစုပေါင်း ၁၇ ဦးအား ဆုချီးမြှင့်မည်ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

ပခုက္ကူစာပေဆုများကို မူလအလှူရှင် ပခုက္ကူဦးအုံးဖေ လှူဒါန်းခဲ့သော ငွေကျပ် ၇၆ သိန်းပေါ်တွင် အခြေခံ၍ စာပေကို ချစ်မြတ်နိုးသူ အလှူရှင်များ၏ ထပ်ဆင့်လှူဒါန်းငွေများဖြင့် အဆိုပါစာပေဆုများကို ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံစာရေးဆရာအသင်းက စာပေဆုရန်ပုံငွေများ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းလျက် ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်သည်။ ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ရန်ပုံငွေသို့ မြန်မာစာပေ ထွန်းကားပြန့်ပွားရေးကို ဦးတည်လျက် ရန်ပုံငွေများ လှူဒါန်းလိုပါက ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ (ဖုန်း- ၀၉၇၇၃၆၅၃၆၂၅)၊ အတွင်းရေးမှူး (ဖုန်း-၀၉၅၁၉၃၇၂၄)၊ ရုံးအဖွဲ့ (ဖုန်း-၀၉၄၅၀၀၉၀၄၈၆) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**✲ ချယ်လ်ဆီးအသင်းမှ**

ခေါ်ယူခဲ့တဲ့ ခြောက်ဦးမြောက် ကစားသမားဖြစ်လာခဲ့ပြီး ချယ်လ်ဆီးအသင်းဟာ မော်ဂန်ရော်ဂျာ၊ ဒန်နီဝဲလ်ဘက်၊ အီမီဂါ၊ လာခရိုက်၊ ပလက်ထရာတို့ကိုလည်း ခေါ်ယူထားပြီးဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဘာကိုဟာ ချယ်လ်ဆီးအသင်းရဲ့ ရာသီအကြိုခြေစမ်းပွဲစဉ်တွေထဲက လက်ကျန်ပွဲစဉ်တွေမှာ ပါဝင်ကစားမှာဖြစ်ပြီး ချယ်လ်ဆီးအသင်းအနေနဲ့ ဩဂုတ် ၅ ရက်မှာ ရာသီအကြိုခြေစမ်းပွဲစဉ်အဖြစ် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

ဘိုကာဂျူနီယာအသင်းရဲ့ လူငယ်အကယ်ဒမီကနေ ကစားသမားဘဝကို စတင်ခဲ့တဲ့ ဘာကိုဟာ ၂၀၂၄ ခုနှစ်အတွင်းက ဘရိုက်တန်အသင်းဆီ ပြောင်းရွှေ့ကစားခဲ့ပြီး စထရာစဘော့ဂ်အသင်းဆီ ထပ်မံပြောင်းရွှေ့ခဲ့တာလည်း ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဘာကိုဟာ အမေရိကန်၊ မက္ကဆီကိုနဲ့ ကနေဒါတို့ပူးတွဲအိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တဲ့ ၂၀၂၆ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း အာဂျင်တီးနားအသင်းနဲ့အတူ ပါဝင်ကစားခဲ့သူလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

**✣ မြန်မာအမျိုးသမီးလိဂ်မှ**

မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းဖြစ်သော Young Lionesses အသင်းကို နောက်မှလိုက်ကစားကာ အနိုင်ရရှိခဲ့သည်။

ယခုနိုင်ပွဲမှာ ရန်ကုန်ယူနိုက်တက်အသင်းအတွက် တတိယနေရာ ပြန်လည်ရယူနိုင်ရေး မျှော်လင့်ချက်အတွက် အရေးပါသည့်နိုင်ပွဲလည်း ဖြစ်သည်။ Young Lionesses အသင်းအတွက် ဦးဆောင်ဂိုးများကို ၅၁ မိနစ်တွင် နေမျိုးသူသူအောင်၊ ၆၁ မိနစ်တွင် နန်းခမ်းဟွမ်တို့က သွင်းယူပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၅၇ မိနစ်တွင် ဇင်မိုးပြည့်၊ ၆၆ မိနစ်တွင် နှင်းဝေနှင်းတို့က သွင်းယူကာ အနိုင်ဂိုးများကို ပွဲပြီးခါနီး ၈၆ မိနစ်တွင် နှင်းဝေနှင်း၊ ၉၀+၂ မိနစ်တွင် ဇင်မိုးပြည့်တို့က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay player of the Match ဆုကို ရန်ကုန်ယူနိုက်တက်တိုက်စစ်မှူး ဇင်မိုးပြည့်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ်ငါးသိန်းရရှိသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ဓွဲကပင်ယူနိုက်တက်အသင်းကို ကိုးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ သစ္စာအားမာန်အသင်းသည် ဂိုးပြတ်ရလဒ်ဖြင့် နိုင်ပွဲဆက်ပြီး ဓွဲကပင်ယူနိုက်တက်အသင်းမှာမူ အပြတ်သားဆုံးရလဒ်ဖြင့် ရှုံးပွဲရင်ဆိုင်ခဲ့ရသည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ၂၃၊ ၅၀ မိနစ်တွင် ယွန်းဝတီ၊ ၃၂၊ ၃၄ မိနစ်တွင် မြတ်နိုးခင်၊ ၅၆၊ ၆၉ မိနစ်တွင် ဝင်းဝင်း၊ ၈၅၊ ၉၀+၂ မိနစ်တွင် ချစ်ဆုဝေတို့က သွင်းယူပြီး ပထမဆုံးဂိုးမှာ ခုနစ်မိနစ်တွင် ဓွဲကပင်ကစားသမား ဒါရာမီ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ဓွဲကပင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၄၄ မိနစ်တွင် ရွှယ်လွန်ရှာရီ၊ ၆၃ မိနစ်တွင် ဂလိုရီတို့က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay player of the Match ဆုကို သစ္စာအားမာန် ကွင်းလယ်ကစားသမား ဝင်းဝင်းကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ်(၈) ဒုတိယနေ့ကို ဩဂုတ် ၄ ရက်တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်စီးတီးအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - ညီညီမင်း**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## အားလုံးအတွက်ကျန်းမာရေး
## သန့်(၅)သန့်နှင့်အညီ နေထိုင်ပေး




ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။

### (၁) လက်သန့်

လက်တွင် ကပ်ပါလာနိုင်သည့် မစင်အညစ်အကြေးအနည်းငယ် (၁ ဂရမ်)တွင် လူတို့ကို ရောဂါဖြစ်၍ သေစေနိုင်သော-

- ဗိုင်းရပ်စ်ရောဂါပိုး - ၁၀ သန်း
- ဘက်တီးရီးယားရောဂါပိုးပေါင်း - ၁ သန်း
- ကပ်ပါးရောဂါပိုးပေါင်း - ၁ ထောင်ပါဝင်သည်။

(ဥပမာ-သန်ကောင်၊ သန်ဥ)



သန့်ရှင်းသောလက် ဆေးတစ်ခွက်

- အစာမစားမီနှင့် အစာစားပြီးတိုင်း။
- အစားအစာ မချက်ပြုတ်/မပြင်ဆင်မီ၊
- အသား/ငါး/ဥအမျိုးမျိုးကို ကိုင်တွယ်ပြီးတိုင်း။
- ကြက်၊ ငှက်၊ တိရစ္ဆာန်များကို ကိုင်ပြီးတိုင်း။
- အိမ်သာတက်ပြီးတိုင်း။
- ကလေးအညစ်အကြေးများ ကိုင်တွယ်ပြီးတိုင်း။
- အမှိုက်၊ အညစ်အကြေးများ ကိုင်ပြီးတိုင်း။
- မျက်နှာ၊ မျက်စိ၊ နှာခေါင်းများကို မကိုင်တွယ်မီ အချိန်တိုင်း

လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ သန့်ရှင်းစင်ကြယ်အောင် အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် ဆေးကြောပါ။



### (၂) အစာသန့်

အစားအစာသန့်ရှင်းရေးသည် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် အဓိကအရေးကြီးပါသည်။

- အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊
- အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။
- အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို သီးခြားခွဲ၍ သန့်ရှင်းသောရေဖြင့် စနစ်တကျစင်ကြယ်အောင် ဆေးကြောပါ၊
- အသား၊ ငါးများကို ကျက်အောင်ချက်ပြုတ်ပါ၊
- အသုံးပြုပြီးသော စဉ်းတီတုံးနှင့် ဓါးကို သေချာစွာဆေးကြောပါ၊
- အိုး၊ ခွက်၊ ပန်းကန်များကို စနစ်တကျစင်ကြယ်အောင် ဆေးကြောပါ။





သန့်ရှင်းသော အစားအစာ၊
ရောဂါကင်းသော မိသားစု



### (၃) ရေသန့်

သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန်အတွက်-

- ရေကို ကျိုချက်သောက်ပါ၊
- FDA မှ ထောက်ခံချက်ရထားသော ရေသန့်ကို သောက်သုံးပါ၊
- ကလိုရင်းဆေးခတ်ပါ၊
- ရေသန့်စင်ဆေးပြား အသုံးပြုပါ၊
- Life straw ရေသန့်စင်စက်ကို အသုံးပြုပါ။

မသန့်ရှင်းသောရေကို သောက်သုံးမိပါက ရောဂါပိုးများ ကူးစက်ခံရနိုင်ပါသည်။



ရေကိုဆူပွက်အောင်ကျိုချက်ခြင်း



ရေသန့်စင်ဆေးပြား



ရေသန့်စင်စက်
(Life Straw)



### (၄) အိမ်သာသန့်

ကျန်းမာရေးနှင့်ညီညွတ်သော အိမ်သာဖြစ်စေရန်-

- ယင်လုံရမည်၊
- အနံ့လုံရမည်၊
- အရှက်လုံရမည်၊
- ရေလုံလောက်ရမည်၊
- သန့်ရှင်းရမည်၊
- မစင်မှရောဂါမပြန့်ပွားစေရန် တားဆီးနိုင်ရမည်၊
- လက်ဆေးရန် ရေနှင့်ဆပ်ပြာ အနီးတွင်ရှိရမည်၊
- ရေထွက်ပေါက်ရင်းနှင့်အိမ်သာသည် အနည်းဆုံး ပေ ၅၀ အကွာတွင်ရှိရမည်၊
- ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်အူရောင်ငန်းဖျားရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးနှင့်ညီညွတ်သောယင်လုံအိမ်သာ သုံးစွဲရပါမည်။



ယင်လုံအိမ်သာသုံးစွဲရန် မိသားစုတိုင်းတွင် တာဝန်ရှိသည်။



### (၅) ပတ်ဝန်းကျင်သန့်

ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်စေရန်-

- အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျစွန့်ပစ်ပါ၊
- ကြွက်၊ ခြင်၊ ယင် မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ၊
- ရေမြောင်းများအား ရေစီး/ရေလာကောင်းအောင် ဆောင်ရွက်ပါ၊
- စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ပါ၊
- မြေပြင်နှင့်ရေပေါ်တွင် မစင်စွန့်ခြင်းကို ရှောင်ကြဉ်ပါ၊
- အန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့၊ မီးခိုးငွေ့များ စည်းကမ်းမဲ့စွန့်ထုတ်ခြင်းကို ရှောင်ကြဉ်ပါ။



ပတ်ဝန်းကျင်သန့်ရှင်းရေး အလေ့အကျင့်ကောင်းများ

# ၂၀၂၆ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဝါသနာရှင်အဆင့်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၃

မျိုးဆက်သစ်ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်း တိုးတက်လာစေရန် နှင့် နိုင်ငံတကာအဆင့်မီယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၆ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဝါသနာရှင်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲကို ရန်ကုန်ဂေါက်ကွင်း(တညင်းကုန်း)၌ ဩဂုတ် ၃ ရက်မှ ၆ ရက်အထိ လေးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ SAE PAING Development Ltd နှင့် Phyo Si Thu Teak Plantation (Myanmar) တို့က အဓိကကူညီပံ့ပိုးသော အဆိုပါပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(Amateur)ကစားသမား၁၀၈ဦး၊သက်ကြီးတန်းဝါသနာရှင်အဆင့် (Senior Amateur) ကစားသမား အသက် ၅၅ နှစ်မှ ၆၀ အထိ ၁၉ ဦး၊ ၆၁ နှစ်မှ ၆၅ နှစ်အထိ ဦးရေ ၂၀၊ ၆၆ နှစ်မှ ၇၅ နှစ်အထိ ၁၂ ဦး စုစုပေါင်း ကစားသမား ၁၅၉ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် World Handicap ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယ



ဥက္ကဋ္ဌနှင့် သက်ကြီးတန်း ဝါသနာရှင်အဆင့်ဆပ်ကော်မတီဥက္ကဋ္ဌတို့က အလှည့်ကျဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးခဲ့ပြီး ပထမနေ့ပွဲစဉ်အဖြစ် ၁၈ ကျင်း စတင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်း - ချစ်ကိုကို**
**ဓာတ်ပုံ - MGF**

# MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁) နောက်ဆုံးပွဲတွင် ရောဝတီယူနိုက်တက် အနိုင်ရ

ရန်ကုန် ဩဂုတ် ၃

MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁) နောက်ဆုံးပွဲကို ဩဂုတ် ၃ ရက်က ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရောဝတီယူနိုက်တက်အသင်းသည် နောက်မှလိုက်ကစားကာ အနိုင်သုံးမှတ် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး စစ်ကိုင်းယူနိုက်တက်အသင်းမှာမူ နှစ်ကြိမ်တိုင် ဦးဆောင်ပြီးမှ ဂိုးများပြန်ပေးရကာ အရေးနိမ့်ခဲ့သဖြင့် နစ်နာသည့်ပွဲ တစ်ပွဲဖြစ်ခဲ့သည်။ စစ်ကိုင်းယူနိုက်တက်အသင်းသည် ၁၈ မိနစ်တွင် စိုးမင်းခန့်၊ ၄၇ မိနစ်တွင် ကျော်မင်းစိုး သွင်းယူသည့် ဂိုများဖြင့် ဦးဆောင်နိုင်သော်လည်း ရောဝတီယူနိုက်တက်အသင်းက ၃၆မိနစ်တွင် ကောင်းမြတ်စံ၊ ၄၈ မိနစ်တွင် ကောင်းခန့်ကျော်တို့က ချေပဂိုးပြန်သွင်းသဖြင့် နှစ်ဂိုးစီသရေကျခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဩဂုတ်မိုးစက်များအောက်တွင် အနိုင်ရရှိရေး အားကုန်ထုတ်ကစားခဲ့သည်။ ရောဝတီယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၇၂ မိနစ်တွင် ကောင်းမြတ်စံက သွင်းယူပေးခဲ့သည်။

ပွဲစဉ်(၁၁) အပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၆ မှတ်ဖြင့်ဆက်လက် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၂၄ မှတ်၊ သစ္စာအားမာန်အသင်းက ၂၁ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့က ၁၉ မှတ်စီ၊ Galaxy အသင်းနှင့် Falcon အသင်းတို့က ၁၆ မှတ်စီ၊ ရတနာပုံအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့က ၁၅ မှတ်စီ၊ ရောဝတီယူနိုက်တက်အသင်းက ၁၃ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့က ၁၁ မှတ်စီ၊ မြဝတီအသင်းက ခြောက်မှတ်၊ Chinland အသင်းက တစ်မှတ် ရရှိထားသည်။

**သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - MNL**



ရောဝတီယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ဝေါမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ဝေါ ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂ ရက် ညနေပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်နိုင်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးသက်တိုးဝင်းနှင့် မြို့နယ် ဘောလုံးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များက ဒုတိယဆုရရှိသည့် ဆပ်သွားခြံဘောလုံးအသင်း၊ တတိယဆုရရှိသည့် နောင်ပတ္တရာ ဘောလုံးအသင်း၊ စတုတ္ထဆုရရှိသည့် ဆင်ရွာ ဘောလုံးအသင်းတို့နှင့် ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးသမားနှင့် အကောင်းဆုံး ကစားသမားတို့အား ငွေသားဆုနှင့် ဆုတံဆိပ်များ ချီးမြှင့်ပေးသည်။

ထို့နောက် ပထမဆုရရှိခဲ့သည့် သစ်စက် ဘောလုံးအသင်းအား မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က ငွေသားဆု ကျပ်သိန်း ၅၀၊ ဆုတံဆိပ်များနှင့်အတူ တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

❂ **E-Sports မှ**

ဆော်ဒီအာရေဗျ၊ ရုရှား၊ တူကီယဲ၊ တရုတ်၊ ပီရူး၊ အိန္ဒိယ၊ မွန်ဂိုလီးယား၊ ဘရာဇီး၊ ထိုင်း၊ လာအို၊ ဂျပန်နှင့် ဗီယက်နမ်စသည့် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ အသင်း ၂၅ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos(YG) MLBB အသင်းသည် အုပ်စု ပထမပွဲစဉ်၌ ဆော်ဒီအာရေဗျနိုင်ငံမှ Geekay E-Sports အသင်းအား နှစ်ပွဲပြတ်၊ အုပ်စု ဒုတိယပွဲစဉ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ PRO E-Sports အသင်းအား နှစ်ပွဲပြတ်၊ ရှုံးထွက် ကွာတားဖိုင်နယ်ပွဲစဉ်တွင် သုံးပွဲပြတ်၊ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ဖိလစ်ပိုင်နိုင်ငံမှ Falcons PH E-Sports အသင်းအားသုံးပွဲ - နှစ်ပွဲဖြင့် အနိုင်ရရှိ၍ Grand Final သို့ တက်ရောက်နိုင်ခဲ့ပြီး ဗိုလ်လုပွဲ ပွဲစဉ်တွင် ရုရှားနိုင်ငံမှ Team Spirit အသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ သုံးပွဲ - လေးပွဲရလဒ်ဖြင့် 1st Runner Up (ဒုတိယဆု)ကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ချန်ပီယံဆုရရှိခဲ့သည့် ရုရှားနိုင်ငံမှ Team Spirit အသင်းသည် ဆုကြေးငွေ ဒေါ်လာတစ်သန်းရရှိခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos(YG) MLBB အသင်းက 1st Runner Up (ဒုတိယဆု)ရရှိခဲ့သည့်အတွက် ဒေါ်လာငါးသိန်းရရှိခဲ့သည်။

ယခုကဲ့သို့ 1st Runner Up (ဒုတိယဆု)ဆွတ်ခူးရရှိခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြုအသင်းသည် ယနေ့နံနက်ပိုင်းတွင် China Southern Airlines ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသားများ၊ မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုး မိတ်သင်္ဂဟများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံ့ဂုဏ်ဆောင် ဒုတိယဆုရရှိခဲ့သည့် Mobile Legends MLBB အသင်းအား ဂုဏ်ပြုပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပပြီး ပြိုင်ပွဲဝင် အားကစားသမားများအား KBZ Bank/KBZ Pay မှ CEO ဒေါ်သက်မာအေးက ကျပ်သိန်း ၅၀၀၀ ဂုဏ်ပြုဆုကို လည်းကောင်း၊ Delous Group of Company မှ ကျပ်သိန်း ၁၀၀ အပါအဝင် ကျပ်သိန်း ၄၀ တန်ဖိုးရှိ ကွတ်ကီးမုန့်များကို လည်းကောင်း၊ Cherry Oo နာရီမှ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကို လည်းကောင်း၊ Shwe Nadi Application မှ Apple Pro-3 နားကြပ်ရှစ်ခုနှင့် ရွှေနဒီအက်ပလီကေးရှင်း၏ တစ်နှစ်တာကြည့်ရှုခွင့်ကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ကြသည်။

ကမ္ဘာ့ဖလားအီးစပေ့ါ အားကစားပြိုင်ပွဲအား ဇူလိုင် ၂၂ ရက်မှ ဩဂုတ် ၁ ရက်အထိ ကျင်းပခဲ့ပြီး အဆိုပါ Grand Final ပြိုင်ပွဲအား ရန်ကုန်မြို့အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကျေးလက်ဒေသများပါမကျန် အားပေးကြည့်ရှုခဲ့ကြသည်။ ကမ္ဘာ့ချန်ပီယံ အီးစပေ့ါအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ဒုတိယဆုရရှိခဲ့သည့် Yangon Galacticos (YG) အသင်းအနေဖြင့် ဂျပန်နိုင်ငံတွင်ကျင်းပမည့် အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ဆုများ ဆက်လက်ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်းကျောင်းကောင်စီ ဥက္ကဋ္ဌဖလား(ဖူဆယ်) ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



မြဝတီ ဩဂုတ် ၃

ကရင်ပြည်နယ် မြဝတီမြို့ ပညာရွှေဖူးကိုယ်ပိုင်အလယ်တန်း ကျောင်း၌ ယမန်နေ့ ညနေပိုင်းတွင် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းကောင်စီ ဥက္ကဋ္ဌဖလား ဖူဆယ်မိုးရာသီ ဘောလုံးပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်က အမှာစကား ပြောကြားပြီး ပညာရွှေဖူး ကိုယ်ပိုင် အလယ်တန်းကျောင်း ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဇော်အေးက ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်ပြီး ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းကောင်စီ ဥက္ကဋ္ဌဖလား ဖူဆယ်မိုးရာသီ ဘောလုံးပြိုင်ပွဲနှင့် ဗိုလ်လုပွဲ (အမျိုးသား)ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမား(ပထမ) ဆုရရှိသည့် ကျွန်စစ်သား(က) အသင်း၊ (ဒုတိယ)ဆုရရှိသည့် အနော်ရထာ (က)အသင်းနှင့် တတိယဆုရရှိသည့် ကျန်စစ်သား (ခ)အသင်း တို့ကိုလည်းကောင်း၊ (အမျိုးသမီး) ဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမား (ပထမ)ဆုရရှိသည့် ကျန်စစ်သား အသင်း၊ (ဒုတိယ) ဆုရရှိသည့် ဘုရင့်နောင်အသင်း တို့ကိုလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/B)၊ မြေကွက်အမှတ် (၃၆၃)၊ ဧရိယာ(၀.၁၆) ဧက၊ မြေကွက်တည်ရာအမှတ် (၃၆၃)၊ နှင်းဆီလမ်း၊ ပုလဲ (၂)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဒေါ်ဝင်းဝင်းနွယ်[၁၂/ဒဂန(နိုင်)၀၀၈၃၉၀]၊ ဒေါ်ပိုးဇာခြည်သန်း [၁၂/စခန(နိုင်)၀၅၈၃၇၉]တို့ ကိုယ်တိုင်မှ ဂရန်မူရင်း ၂၀၁၂ရက်နေ့က ထုတ်ယူခဲ့သော အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်မူရင်းမှာ အသုံးပြုခဲ့ရခြင်းလုံးဝမရှိဘဲ မိမိတို့၏ နေအိမ်တွင် သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ ထို့ပြင် ဂရန်မူရင်းသည် မိမိတို့၏ လက်ဝယ်တွင် တည်ရှိပါကြောင်း၊ အဆိုပါ မြေပုံ၊ မြေရာဇဝင်မူရင်းအားအသုံးပြု၍ အထက်ပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိတို့ကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း တိုက်ကြီးခရိုင်တရားရုံး၏ (၆-၇-၂၀၂၆)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၂၂၀/၂၀၂၆) တို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄/မြောက်)၊ မြေကွက်အမှတ် (၂၁၃/က)၊ အကျယ်အဝန်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဂရန်အမည်ပေါက်သူ ဒေါ်ဥမ္မာအောင် [၁၂/ရပသ(နိုင်)၀၅၁၆၀၉]မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ ပထမထပ်(ခေါင်းရင်းခန်း)၊ မြင်တော်သာလမ်း၊**
**၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၄၂၁၁၈၁၈၂၂**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းအိခိုင် [၁၂/မဂဒ(နိုင်)၂၂၇၂၁၇] အမှတ်(၃/၃၄)၊ အောင်သုခလမ်း၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းအိခိုင်နှင့် ဦးဖြိုးအေးစိုး [၁၃/မဆတ(နိုင်) ၀၅၂၈၄၆] တို့သည် (၁၄-၁၂- ၂၀၀၈)ခုနှစ်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ ဦးဖြိုးအေးစိုးသည် ပေါင်းသင်းစဉ်ကာလတစ်လျှောက်လုံးတွင် ခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စများ အကြိမ်ကြိမ်ကျူးလွန်သောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ ကိုယ်စိတ်နှစ်ပါးများစွာ စိတ်ဆင်းရဲခဲ့ရပါသည်။ ထို့ကြောင့် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့သည့်အတွက် (၂၂-၇-၂၀၂၆)ရက်နေ့တွင် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း ကတိစာချုပ်ချုပ်ဆို၍ ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ၎င်းရပိုင်ခွင့်ရှိသော လက်ထပ်ပွားပစ္စည်းများကိုလည်း အတိအလင်း ခွဲဝေပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် နောက်နောင်တွင် ဦးဖြိုးအေးစိုးနှင့် ပတ်သက်သော လူမှုရေးအရှုပ်အရှင်းများ၊ ငွေရေးကြေးရေး အရှုပ်အရှင်းများသည် ကျွန်ုပ်၏မိတ်ဆွေနှင့် မည်သို့မှ သက်ဆိုင်ခြင်းမရှိတော့သည့်အတွက် ဖြေရှင်းပေးမည်မဟုတ်ကြောင်း နှင့် ကျွန်ုပ်မိတ်ဆွေ ဂုဏ်သိက္ခာထိပါးစေမည့် အပြောအဆိုအပြုအမူများအား ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ဆိုရှယ်မီဒီယာပေါ်တွင်ဖြစ်စေ ပြောဆိုခြင်း၊ ပြုမူခြင်းများ တွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ၊ စဉ် ၄၅၅၇၇/၂၆-၁-၂၀၁၅**
**အမှတ်(၆၀)၊ (ဘီ၂)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း–၀၉-၄၀၁၁၅၄၆၀၀၊ ၀၉-၄၅၀၀၄၆၆၈၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ မှော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ ဝါးတရာကျေးရွာအုပ်စု၊ ရေတွင်းကုန်းကျေးရွာ၊ မေတ္တာဦးလမ်း၊ ရွာမြေအမျိုးအစား ထွက်ရှိထားသော အကျယ်ပေ-(၂၀x၁၁၀)၊ (၂၂၀၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိ ပိုင်ဆိုင်သည်ဟုဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ ဒေါ်အေးမြတ်စံသူ [၁၂/လသယ(နိုင်)၁၀၀၇၄၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးသိုက် [၁၂/ဒဂမ(နိုင်)၀၅၄၈၃၆] က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၅) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဟေမာသက်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၈၂)**
**အမှတ်–(၁၂၈/၁၂၉)၊ ဝိဇ္ဇာလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉-၉၇၅၀၀၈၄၄၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၂၇)၊ ဦးပိုင်အမှတ်(၃၉+၄၀)၊ ၅၉x၆၀Aလမ်းကြား၊ ၁၃၉x၁၄၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဝင်း [၁၂/မဂဒ(နိုင်)၀၁၁၄၈၅]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၉၁၅/၂၀၁၆) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်ဆွေဆွေဝင်း [၁၂/မဂဒ(နိုင်) ၀၁၁၄၈၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇန(၂)လမ်း၊ အမှတ်–(၅၅၈)(A)၊ ပေါ်ရှိ အလျား(၂၀')xအနံ(၆၀')ကျယ်ဝန်းသော (ဂရန်မြေ) အိမ်နှင့်မြေ ပိုင်ဆိုင်မှုအပါ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ရှင်ဖြစ်သော ဦးကံလှမောင်[၁၁/မတန(နိုင်)၀၀၉၅၄၅](ဂရန်) အမည်ပေါက်ထံမှ ဦးအောင်ခင် (ISN–၀၅၄၉၅၃)သည် (၁၆-၁၁-၁၉၉၅)ရက်စွဲပါ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ယခုအရောင်းအဝယ်ပြုလုပ်ရာတွင် ဦးအောင်ခင်၏ သားသမီးများဖြစ်ကြသော ၁။ ဒေါ်ခင်အေးဦး [၁၂/မရက(နိုင်)၀၄၇၉၅၂]၊ ၂။ ဦးသိန်းဦး[၁၂/မရက(နိုင်)၀၄၇၉၄၁]၊ ၃။ ဒေါ်ခင်အေးသင်း[၁၂/မရက(နိုင်)၁၀၀၄၂၃]၊ ၄။ ဦးခင်မောင်ဦး [၁၂/မရက(နိုင်)၀၉၄၂၈၆]၊ ၅။ ဒေါ်စုလဲ့နိုင်[၁၂/ဒဂမ(နိုင်)၀၄၅၄၁၂]တို့မှ ဦးအောင်ခင် (ကွယ်လွန်)၏ ကိုယ်စား တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်နှင့် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘိုဘို လင်း [၁/မကတ(ဧည့်) ၀၀၀၉၆၄]မှ အထက်လိပ်စာပါ အိမ်နှင့်ခြံအား အပြီးအပိုင် ဝယ်ယူရန်အတွက် (၂-၈-၂၀၂၆)ရက်စွဲပါ အရောင်းအဝယ်စရန်ပေးကတိစာချုပ် ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားခဲ့ပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာဝင်းရွှေ**
**အထက်တန်းရှေ့နေ(စဉ်–၄၅၇၇၀)**
**အမှတ်–(၁၂၆)၊ သုမိတ္တာ(၅)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉-၄၂၀၇၆၆၄၂၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၂၊ လှူနေရပ်ကွက်အမှတ်– ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ မြေကွက်အမှတ်– (၆၁)၊ ဧရိယာ–(၀. ၁၇၂)ဧက အကျယ်အဝန်းရှိ ဦးဘသိန်း အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးစိုးမိုးနိုင်[၆/မအရ(နိုင်) ၀၉၁၂၆၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၀၃)**
**ရုံးခန်းအမှတ်–၅၊ ပထမထပ်၊ Strand Condominium၊**
**အမှတ်–၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉-၄၅၀၀၃၉၂၁၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဘူးလယ်အင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်–၁၁၇၆ နဂုတ်ကြီးကွင်း၊ ဦးပိုင်အမှတ်– ၄၄၊ မြေမျိုး–ဥယျာဉ်မြေ၊ ဧရိယာ–(၄၈. ၀၃)ဧက အကျယ်အဝန်းရှိမြေကွက် (ယင်းမြေကွက်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၄-၁၁-၂၀၂၀)ရက်စွဲပါ အစည်းအဝေးအမှတ်စဉ်– (၁၈/၂၀၂၀)၊ ဆုံးဖြတ်ချက်အမှတ်–၅(ဓ)၊ စာအမှတ်–၆/၃-၂/ဦး-၆ အရ ဦးဉာဏ်မြင့် အမည်ဖြင့် အထွေထွေစက်မှုလုပ်ငန်းသုံးမြေအဖြစ် အခြားနည်းအသုံးပြုခွင့်ပြုမိန့်ရရှိထားသောမြေ) နှင့်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ဘူးလယ်အင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်–၁၁၇၆ နဂုတ် ကြီးကွင်း၊ ဦးပိုင်အမှတ်– ၄၆၊ မြေမျိုး–ဥယျာဉ်မြေ၊ ဧရိယာ(၄၇.၃၃) ဧက အကျယ် အဝန်းရှိ မြေကွက် (ယင်းမြေကွက်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၄-၁၁-၂၀၂၀)ရက်စွဲပါ အစည်းဝေးအမှတ်စဉ်–(၁၈/၂၀၂၀)၊ ဆုံးဖြတ်ချက်အမှတ်–၅(ဆ)၊ စာအမှတ်–၆/၃-၂/ဦး-၆ အရ ဒေါ်ခင်မာရီ အမည်ဖြင့် အထွေထွေစက်မှုလုပ်ငန်းသုံး မြေအဖြစ် အခြားနည်းအသုံးပြုခွင့်ပြုမိန့်ရရှိထားသောမြေ)၊ စုစုပေါင်းမြေကွက် (၂) ကွက်နှင့် ယင်းမြေကွက်တို့အပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်မာရီ [၁၂/ဥကတ(နိုင်)၁၁၃၈၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်း အဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၇၀၃)**
**ရုံးခန်းအမှတ်–၅၊ ပထမထပ်၊ Strand Condominium၊**
**အမှတ်–၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉-၄၅၀၀၃၉၂၁၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၄၇

| | | |
|---|---|---|
| ဒေါ်အေးသန္တာ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်မိုး) | နှင့် | ၁။ ဦးညွန့်ခင် ၂။ ဦးမောင်ထွေး |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ဓမ္မရာဇာလမ်း၊ အမှတ်–၇၇၈ နေ (၁)တရားပြိုင် ဦးညွန့်ခင် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်ပါအတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း (၄)ရက်နေ့)မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေး(၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မျိုးထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၄၊ မြေကွက်အမှတ်–၁၂၇၃(က)၊ ပိတောက်မြိုင်(၃)လမ်း၊ အလျား(၂၀)ပေ × အနံ(၆၀)ပေ၊ ဧရိယာ(၀.၀၂၇၅)ဧက၊ အကျယ်အဝန်း (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန့်ဇင်အောင် (၁၂/ရကန(နိုင်)၀၇၇၃၂၁)မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူအောင်(၁၂/လမတ(နိုင်)၀၁၀၄၆၂)မှ စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်ဖြူဖြူသန့်**
**LL.B., D.B.L., WIPO-101(Switzerland)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၁၁)
အမှတ်–၁၂၆(မြေညီထပ်)၊ ၄၁–လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း–၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၂၊ လှူနေရပ်ကွက်၊ Flame Tree Drive ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ မြေကွက်အမှတ်–၈၂၊ Lot-64 လမ်း၊ ဧရိယာ(၀.၆၃၉) ဧက၊ အကျယ်အဝန်း(၂၇၈၂၂.၆၅)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးရင်စိန်(ခ)မိုးမြင့်(၁/မထန(ပြု)၀၀၀၂၄၄)မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ဦးစိုင်းနော်လှိုင်း(၁၃/ပလတ(နိုင်)၀၁၆၇၇၅)မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်ဖြူဖြူသန့်**
**LL.B., D.B.L., WIPO-101(Switzerland)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၁၁)
အမှတ်–၁၂၆(မြေညီထပ်)၊ ၄၁–လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း–၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်း၊ ရောချမ်းသာအဆင့်မြင့်ကွန်ဒိုတိုက်အမှတ်(14–A)၊ (၉)ထပ်၊ အခန်းအမှတ်(၃၁၉)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၁၈၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးမျိုးမင်းထွဋ်[၇/နတလ(နိုင်)၀၈၂၅၅၆]မှ ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူ ဦးနေဝင်းကို[၁၂/မဂဒ(နိုင်)၀၀၄၀၃၅]နှင့် ဒေါ်ခင်သီတာ[၁၂/အစန(နိုင်)၀၁၂၄၉၂]တို့ကလည်း ဝယ်ယူရန်သဘောတူညီ၍ စရန်ငွေ ပေးချေထားပြီးဖြစ်သောကြောင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြတ်ပပခိုင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၂၀၂၀၂)**
**အမှတ်(၅၇၈–က)၊ စိန်ပန်း(၈)လမ်း၊ (၁၉/၄၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉-၄၂၁၀၂၀၇၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပပထွန်း[၁၂/ကတန(နိုင်)၀၅၅၉၄၁]ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁-ထူ)၊ ထူပါရုံ(၉)လမ်းအရှေ့၊ မြေကွက်အမှတ်(၁၃၃၅/က) ဟုခေါ်တွင်သော မြေဧရိယာ(အလျားပေ၂၀xအနံပေ၆၀)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်လှပြုံးချို[၁၁/စတန(နိုင်)၀၀၃၁၀၄] ကိုင်ဆောင်သူ မှ အမည်ပေါက်မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အာရ်စီ(၃)ထပ်တိုက် နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပေါင်အနှံ၊ အရှုပ်အရှင်းလုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆို၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာသူ မြေအမည်ပေါက် ဒေါ်လှပြုံးချိုထံမှ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းချသူ ဒေါ်လှပြုံးချိုထံသို့ စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်များအရ–** |
| **ဒေါ်ပပထွန်း** | **ဦးအောင်နိုင်စိုး(LL.B)** |
| **[၁၂/ကတန(နိုင်)၀၅၅၉၄၁]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၈၈၂)၊ (၂၉-၄-၂၀၁၄)** |
| | **အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊** |

**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ PH:၀၉-၅၅၇၂၉၃၃၄၄၊ ၀၉-၇၉၈၁၉၃၂၉၉၊ ၀၉-၄၄၃၁၉၃၃၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 43W/41333၊ အမျိုးအမည် KTL–125၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဦးထွန်းထွန်းဝင်း မှတ်ပုံတင်အမှတ် [၅/ မရန(နိုင်)၁၄၈၀၀၇]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်–

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ–၁၆)၊ အမှတ်(၁၈)ရပ်ကွက်၊ ဗညားဒလလမ်း၊ မြေကွက်အမှတ်(၆၃၄/ခ)နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာ

